# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၊ သောကြာနေ့။ Friday, 30 December 2022 ၁၀၉၆၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး H. E. Mr. Deng Xijun အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး H. E. Mr. Deng Xijun အား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်လျက်ရှိမှုနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းရင်းနှီးနှီးဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး H.E. Mr. Deng Xijun အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰


## ယနေ့ ဖတ်စရာ


နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST) အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၅ ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တတိယနေ့တွေ့ဆုံဆွေးနွေး စာမျက်နှာ » ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဖျာပုံ - ကျုံကဒွန်း - ဒေါ်ညိမ်း - အမာလမ်းပေါ်ရှိ ဒေးဒရူတံတားဖွင့်ပွဲ အခမ်းအနားတက်ရောက် စာမျက်နှာ » ၁၁

စိန်ရတုလွတ်လပ်ရေး အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ် စာမျက်နှာ » ၁၈

ကြေးမုံ

# နိုင်ငံနှင့် ပြည်သူကို ကာကွယ်စောင့်ရှောက်

၂၀၂၀ ရွေးကောက်ပွဲ၌ မဲမသမာမှုကိုအကြောင်းပြု၍ CRPH၊ NUG အကြမ်းဖက်အဖွဲ့များဖြစ်လာသည်။ CRPH၊ NUG အကြမ်းဖက်အဖွဲ့များ၏ သွေးထိုးမြှောက်ပင့်ထောက်ပံ့ပေးမှုဖြင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ ပေါ်ပေါက်လာပြီး အကြမ်းဖက်ဖောက်ခွဲသတ်ဖြတ်မှုများပြုလုပ်ခဲ့ရာ နိုင်ငံပိုင်၊ ပြည်သူပိုင် အဆောက်အအုံပစ္စည်းများ ပျက်စီးဆုံးရှုံးပြီး အပြစ်မဲ့ပြည်သူအမြောက်အမြား သေကျေပျက်စီးခဲ့ရသည်။

ဒီမိုကရေစီအရေး၊ ပြည်သူ့အရေးဟု ကြွေးကြော်ကာ ရဟန်းသံဃာများ၊ ဆရာဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်၊ နှိပ်စက်၊ လုယက်ဖျက်ဆီးခြင်းတို့ကို CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားအုပ်စုများက ဥပဒေမဲ့ကျူးလွန်နေကြသည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအချင်းချင်း စိတ်ဝမ်းကွဲပြားအောင် ပြုလုပ်ကာ နိုင်ငံသားအချင်းချင်း နှိပ်စက်သတ်ဖြတ်မှုများ ပြုလုပ်နေသည်မှာ ဝမ်းနည်းဖွယ်၊ စိတ်မကောင်းဖွယ်သာ ဖြစ်သည်။ အမှန်တကယ်တွင် နိုင်ငံရေးအစွန်းရောက်များက ၎င်းတို့အာဏာရရှိရေးအတွက် ပြည်သူများအတွင်း ဝါဒမှိုင်းသွင်းကာ အဖျက်လုပ်ရပ်များဖန်တီးပေးခြင်းသည် လူမဆန်သော ရက်စက်ယုတ်မာသည့် အကြမ်းဖက်လုပ်ငန်းစဉ်သာဖြစ်သည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးကို နှောင့်ယှက်ဖျက်ဆီးမှုများအား ဝိုင်းဝန်းဆန့်ကျင် တိုက်ဖျက်ကြရမည်သာဖြစ်သည်။ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းသာယာဝပြောမှုများအား နှောင့်ယှက်ဖျက်ဆီးနေသည့် အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံတော်အစိုးရက ရှင်းလင်းဖယ်ရှားတိုက်ဖျက်နှိမ်နင်းလျက်ရှိရာ အကြမ်းဖက်မှုများ တစ်စတစ်စ လျော့ပါးသွားပြီဖြစ်သော်လည်း အကြမ်းဖက်ဖျက်ဆီးနှောင့်ယှက်သူများမှာ ပြည်သူများကြားတွင် ရှိနေဆဲဖြစ်၍ အမြစ်ပါမကျန် ပပျောက်သွားစေရန် ဝိုင်းဝန်းပူးပေါင်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်ကောင်းမွန်လာရေးအတွက် နိုင်ငံသူ နိုင်ငံသားများ စည်းလုံးညီညွတ်မှုသည် အရေးအကြီးဆုံးအချက်ဖြစ်သည်။

ပြည်သူများအနေဖြင့် မိမိနိုင်ငံ သာယာဝပြောရေးနှင့် တိုးတက်လာရေးကို လိုလားကြသည်မှာ စိတ်ရင်းအမှန်ဖြစ်သည်။ မိမိနိုင်ငံ ပျက်စီးရာပျက်စီးကြောင်းကို အားပေးပြုလုပ်လျှင် မိမိနိုင်ငံကို ချစ်ရာမရောက်ဘဲ မိမိတို့ပြည်သူများသာ ထိခိုက်နစ်နာမှုများဖြစ်စေသည်။ နိုင်ငံအတွင်း ခြိမ်းခြောက်၊ သတ်ဖြတ်၊ အဖျက်အမှောင့်လုပ်ဆောင်နေသည့် CRPH၊ NUG နှင့် PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုများ မပြုလုပ်ခြင်းသည် မိမိတို့ ပြည်သူလူထုများ၏ အသက်အိုးအိမ်စည်းစိမ်များကို အကာအကွယ်ပေးခြင်းလည်း ဖြစ်သည်။ အကြမ်းဖက်သမားများနှင့် မသမာသူများသည် ပြည်သူများကြားတွင်ရှိနေတတ်သဖြင့် ၎င်းတို့ လက်နက်ခဲယမ်းများ ကိုင်တွယ်သယ်ဆောင်မှုနှင့် ၎င်းအကြမ်းဖက်အဖျက်သမားများ၏ လှုပ်ရှားမှုသတင်းများကို သက်ဆိုင်ရာသို့ လျှို့ဝှက်ပေးပို့ခြင်းသည် တိုင်းရင်းသားပြည်သူများအား ကာကွယ်ပေးခြင်းဖြစ်သည်။

နိုင်ငံတော်နှင့်နိုင်ငံသားများကို တတ်နိုင်သည့်ဘက်မှ တတ်နိုင်သလောက် ကာကွယ်ပေးခြင်းသည် နိုင်ငံချစ်သည့် နိုင်ငံသားကောင်းတစ်ယောက် ဖြစ်ပေသည်။ အကြမ်းဖက်သမားများ လှုပ်ရှားသွားလာလုပ်ကိုင်မှုများကို သတင်းပေးရာတွင် သက်ဆိုင်ရာက လုံခြုံစိတ်ချမှုရှိအောင် လျှို့ဝှက်ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ ယခုအခါ နိုင်ငံတော်အစိုးရသည် ပြည်သူများလိုလားသည့် ဒီမိုကရေစီစနစ် တည့်မတ်ခိုင်မာရေးနှင့် တိုင်းပြည်သာယာဝပြောရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ထိုက်သင့်သည့်အောင်မြင်မှုများ ရရှိနေပြီဖြစ်သည်။ စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို ခရီးရောက်စွာ ဆောင်ရွက်နိုင်ပြီဖြစ်၍ CRPH၊ NUG အကြမ်းဖက်အဖွဲ့များက မလိုလား မရှုဆိတ်ဖြစ်နေကြပြီး PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား မြှောက်ပင့်ထောက်ပံ့ပေးကာ အကြမ်းဖက်လုပ်ရပ်များ ပိုမိုလုပ်ဆောင်ရန် ကြိုးပမ်းအားထုတ်နေသည်ကို တွေ့ရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အကြမ်းဖက်အဖျက်သမားများကို အမြစ်ပါမကျန် တိုက်ဖျက်နှိမ်နင်းသွားမည်ဖြစ်ပြီး နိုင်ငံတော်က မျှော်မှန်းထားသည့် တိုင်းရင်းသားပြည်သူများ၏ ဆန္ဒဖြစ်သော ဒီမိုကရေစီစနစ်ကို အခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စုကြီးဖြစ်ပေါ်လာအောင် ဆက်လက်တည်ဆောက်သွားမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအား ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်နေသည့် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုများကို သတင်းပေးပို့ခြင်းဖြင့် မိမိနိုင်ငံနှင့် မိမိပြည်သူများအား ဝိုင်းဝန်းကူညီကာကွယ်ပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်( ၅ )ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး“ရှေ့သို့ ချီမည်၊ ပန်းတိုင်ဆီ” (Keep Moving Forward to Achieve Our Goal)ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ် ဖြစ်ပေါ်လာစေရေး။

## ကျိုက်လတ်၌ မြို့နယ်အဆင့်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးသင်တန်းဖွင့်ပွဲ ကျင်းပ

ကျိုက်လတ် ဒီဇင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ လူဦးရေစာရင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီက ဦးဆောင်၍ မြို့နယ်အဆင့်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြစန္ဒီခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ကျိုက်လတ်မြို့နယ် လူဦးရေ စာရင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကျိုက်လတ်မြို့နယ်ဦးစီးအရာရှိ ဦးထွန်းဆွေက လူဦးရေစာရင်းမှန်ကန်စေရေးအတွက်မြေပြင် ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးသင်တန်းဖွင့်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်ခြောက်ခု၊ ကျေးရွာအုပ်စု ၈၇ ခုတို့မှသင်တန်းသားသင်တန်းသူ ၄၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ ၂၀၇

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၉ - ၁၂ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၇၀၀ | ၄၃၅ | ၃,၈၀၅,၃၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၅၀ | ၁,၈၁၆ | ၅,၈၃၇,၂၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၁ | ၇,၇၀၀ |
| FPB | ၁၈,၅၀၀ | ၁၈,၅၀၀ | ၀ | ၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၁၇၉ | ၄၆၅,၄၀၀ |
| EFR | ၂,၆၅၀ | ၂,၇၀၀ | ၂၀၂ | ၅၄၂,၇၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၂၉

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၂၃၆.၁ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၁.၆၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၅၉၇ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၄.၇၄ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၆၂ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၁၁.၇ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၅၇.၂ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၇၁.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၅.၈၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**"အတိတ်သမိုင်းမှ တွေ့ကြုံခဲ့ရသည့် ဖြစ်စဉ်များအပေါ် လက်တွေ့ကျသော အမြင်များထားရှိပြီး နားလည်မှု၊ ယုံကြည်မှုကိုယ်စီဖြင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ထုဆစ်ပုံဖော်သွားကြရမည်မှာ ကျွန်ုပ်တို့အားလုံး၏ သမိုင်းပေးတာဝန်ပင် ဖြစ်ပါသည်။"**

[နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၁၂-၂-၂၀၂၁ ရက်နေ့တွင် (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်]




ပုဂံရှုခင်းအလှ

ဓာတ်ပုံ - ဦးနေလင်း (ပြန်/ဆက်)



## ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး H. E. Mr. Deng Xijun အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး H. E. Mr. Deng Xijun အား အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။



☆ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်ပြောင်းလဲမှု၊ နိုင်ငံတည်ငြိမ်အေးချမ်းရေး အတွက် နိုင်ငံတော်မှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံတကာမျက်နှာစာတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ ရပ်တည်ဆောင်ရွက်ပေးလျက်ရှိမှု၊ တရုတ်နိုင်ငံအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များတွင် ဆက်လက်ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်လျက်ရှိမှုနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနမှ သံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး Mr. Deng Xijun အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး Mr. Deng Xijun အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ကြိုးပမ်းအားထုတ်**

တွေ့ဆုံစဉ် ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာရေး၊ မြန်မာ-တရုတ် နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ပိုမိုမြှင့်တင်ရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂမျက်နှာစာတွင် နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့သည်။



**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းအား ကျောင်းဆင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ်။

☆ ကျောဖုံးမှ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း တက်ရောက် မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီး၊ ရန်ကုန်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်း သင်တန်းသားသင်တန်းသူများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**စစ်ဆေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းက သင်တန်းဆင်း တပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး အလံတော်အဖွဲ့နှင့် ကျောင်းဆင်း တပ်ခွဲများအား စစ်ဆေးသည်။ ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား ကျောင်းဆင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းက တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၂၀)မှ အကောင်းဆုံး သင်တန်းသားဆုရရှိသူ သင်တန်းသား ဆလိုင်းပြည့်စုံအောင်၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ သင်တန်းသား ကျော်ဇင်ထက်နှင့် စာပေထူးချွန်ဆုရရှိသူသင်တန်းသားဝေလင်းအောင်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းသည် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၇)မှ အကောင်းဆုံးသင်တန်းသူဆုရရှိသူ သင်တန်းသူ ဖွေးသန့်စင်၊ လေ့ကျင့်ရေးထူးချွန်ဆု ရရှိသူ သင်တန်းသူ ဆုလဲ့နန္ဒာနှင့် စာပေထူးချွန်ဆု ရရှိသူ သင်တန်းသူ ယွန်းယွန်းဝေတို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းက မိန့်ခွန်းပြောကြားရာတွင် ယနေ့သည် တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်၊ သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၂၀)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၇)တို့၏ သင်တန်းဆင်းသည့်နေ့ဖြစ်ပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အားသစ်လောင်းသည့် နေ့တစ်နေ့ဖြစ်၍ ဂုဏ်ယူဖွယ်ရာ ထူးခြားလေးနက်သည့် နေ့တစ်နေ့ပင်ဖြစ်ကြောင်း၊ ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များအဖြစ် တာဝန်ကျရာ တပ်အသီးသီးကို သွားရောက်တာဝန်ထမ်းဆောင်ကြရမည်ဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ကိုယ်စား မှာကြားစရာ ရှိသည်များကို အလေးအနက်ထား မှာကြားသွားမည်ဖြစ်ကြောင်း။

**သင်ကြားမွေးထုတ်**

တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်သည် **"ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်မည့် အမျိုးသားတပ်မတော်အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် သူနာပြုများ၊ ဆေးဝါး ကျွမ်းကျင်သူများနှင့် ဆေးဘက်ပညာသည်များ မွေးထုတ်ပေးရန်"** ဆိုသည့် ရည်ရွယ်ချက်နှင့်အညီ သူနာပြုစိတ်ဓာတ် ပြည့်ဝပြီး ကိုယ်ကျင့်သိက္ခာနှင့် ပြည့်စုံသည့် သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးဘက်ဆိုင်ရာ နည်းပညာ ကျွမ်းကျင်သူများကို စဉ်ဆက်မပြတ် သင်ကြားမွေးထုတ်ပေးလျက်ရှိကြောင်း၊ ယင်းသို့ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိရာတွင် သင်တန်းဆင်းသည့် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၂၀) နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၇) အထိ **"ကျွမ်းကျင်၊ ကူညီ၊ ဆေးစစ်သည်"**များအဖြစ် လေ့ကျင့်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

**☆ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သည် "ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်မည့် အမျိုးသားတပ်မတော်အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများ နှင့် ဆေးဘက်ပညာသည်များ မွေးထုတ်ပေးရန်" ဆိုသည့် ရည်ရွယ်ချက် နှင့် အညီ သူနာပြုစိတ်ဓာတ် ပြည့်ဝပြီး ကိုယ်ကျင့်သိက္ခာနှင့် ပြည့်စုံသည့် သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးဘက်ဆိုင်ရာ နည်းပညာ ကျွမ်းကျင်သူများကို စဉ်ဆက်မပြတ် သင်ကြားမွေးထုတ်ပေးလျက်ရှိ**

တပ်မတော် ဆေးဝန်ထမ်း တပ်ဖွဲ့တွင် သူနာပြုတပ်ဖွဲ့ဝင်များ၊ ဆေးဝါး ကျွမ်းကျင်သူများနှင့် ဆေးဘက်ပညာသည်များသည် မရှိမဖြစ် အရေးပါသည့် အခန်းကဏ္ဍက ပါဝင်နေသည့်သူများဖြစ်၍ အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအား အရင်းအမြစ်များအဖြစ် လေ့ကျင့်မွေးမြူပေးလျက်ရှိကြောင်း၊ သမိုင်းကြောင်းကို ပြန်ကြည့်လိုက်လျှင် ၁၉၅၉ ခုနှစ်တွင် စစ်သူနာပြုသင်တန်း တပ်ဆွယ်ကာလတွင် အမျိုးသမီး စစ်သူနာပြု အရာရှိလောင်း သင်တန်းအမှတ်စဉ် (၁) မှ (၁၆) အထိ ဖွင့်လှစ်ခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် သူနာပြုသိပ္ပံဘွဲ့ အမျိုးသမီး ဗိုလ်လောင်းသင်တန်းကို အမှတ်စဉ်(၁)မှ အမှတ်စဉ်(၄)အထိ တပ်မတော် ဆေးတက္ကသိုလ်၌ လေ့ကျင့်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၀၂ ခုနှစ်တွင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်ကို စတင်ဖွင့်လှစ်ကာ အမျိုးသားများနှင့် အမျိုးသမီးများကိုပါ သူနာပြုသိပ္ပံဘွဲ့သင်တန်းများ တက်ရောက်စေခဲ့ကြောင်း၊ အရပ်ဘက်တက္ကသိုလ်များက သူနာပြုသိပ္ပံဘွဲ့ ရရှိခဲ့ပြီး မိမိသဘောဆန္ဒအလျောက် တပ်မတော်သား တစ်ဦးအဖြစ် တာဝန် ထမ်းဆောင်ရန် လျှောက်ထား ဆန္ဒပြုခဲ့သူများကိုလည်း လိုအပ်သည့် အခြေခံစစ်ပညာ သင်တန်းများ တက်ရောက်စေခဲ့ပြီး သူနာပြုတပ်ဖွဲ့ဝင်များအဖြစ် ခန့်အပ် တာဝန်ထမ်းဆောင်စေနိုင်ခဲ့ကြောင်း။

အခြေခံဘွဲ့ သင်တန်းဆင်းပြီး အချိန်ကာလတစ်ခုအထိ စစ်မြေပြင်ဆေးအကာအကွယ်ပေး တာဝန်ထမ်းဆောင်ပြီးပါက အရည်အချင်းပြည့်မီသူများကို စိစစ်ရွေးချယ်ပြီး မဟာဘွဲ့သင်တန်းများ ဆက်လက်တက်ရောက်စေလျက်ရှိကြောင်း၊ မဟာသိပ္ပံဘွဲ့ သင်တန်းများအပြင် သူနာပြုပါရဂူဘွဲ့ သင်တန်း၊ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ ပါရဂူဘွဲ့ သင်တန်းများကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် အခြားလိုအပ်သည့် ဘာသာရပ်ဆိုင်ရာ ပါရဂူဘွဲ့ သင်တန်းများ ထပ်မံဖွင့်လှစ်နိုင်ရေးလည်း စီမံဆောင်ရွက်လျက်ရှိကြောင်း။

သင်ကြားရေးအပိုင်းတွင် ပိုမိုထိရောက်စေရန် သင်ထောက်ကူပစ္စည်းများ၊ လက်တွေ့ခန်းမနှင့် နည်းပြလိုအပ်ချက်များကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် လိုအပ်ချက်အပေါ် မူတည်ပြီး ဘက်ပေါင်းစုံက ဖြည့်ဆည်းပေးလျက်ရှိ၍ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင်လည်း ပြည်ပနိုင်ငံ ၁၁ နိုင်ငံတွင်ရှိသည့် သူနာပြုနှင့် ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များတွင် ပါရဂူဘွဲ့၊ မဟာသိပ္ပံဘွဲ့များနှင့် ဒီပလိုမာဘွဲ့များကို စေလွှတ်တက်ရောက်စေလျက်ရှိရာ ယခုဆိုလျှင် သင်တန်းသား ၁၃၇ ဦး တက်ရောက်အောင်မြင်ခဲ့ကြပြီးဖြစ်ကြောင်း။

ယင်းသို့ ပြည်ပသင်တန်းများ တက်ရောက်စေခြင်းသည် နိုင်ငံတကာစံနှုန်းနှင့်အညီ ခေတ်မီတပ်မတော်တစ်ရပ် ဖြစ်စေရေး ရည်မှန်း ဆောင်ရွက်ချိန်တွင် အရည်အချင်း ပြည့်ဝသည့် သူနာပြုနှင့် ဆေးဘက်ပညာသည်များ ဖြစ်လာအောင် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနေခြင်းဖြစ်၍ လက်တွေ့နယ်ပယ်ရောက်ရှိချိန်တွင် အမိတက္ကသိုလ်ကြီးက သင်ကြားပေးခဲ့သည့် ပညာရပ်များကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာဆောင်ရွက်သွားကြရန်နှင့် ပြည်တွင်းဆင့်ပွားသင်တန်းများကတစ်ဆင့် မိမိတတ်မြောက်ခဲ့သည့် ပညာရပ်ဆိုင်ရာ ဗဟုသုတများကို မျှဝေပေးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**စိန်ရတုနှစ်ပတ်လည်တိုင်ခဲ့ပြီ**

လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက မြန်မာ့တပ်မတော်နှင့်အတူ သန္ဓေတည် ပေါက်ဖွားလာခဲ့ပြီး စစ်ဘက်ဆိုင်ရာ ဆရာဝန်၊ သူနာပြုနှင့် ဆေးဘက်ပညာရှင်များ ပူးပေါင်းပါဝင်ဖွဲ့စည်းထားသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ ပေါ်ပေါက်လာမှုသည် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စိန်ရတုနှစ်ပတ်လည် တိုင်ခဲ့ပြီဖြစ်ကြောင်း၊ မြန်မာ့တပ်မတော်၏ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် လွတ်လပ်ရေးရပြီးကတည်းက ယနေ့တိုင် ခေတ်အဆက်ဆက်တွင် တပ်မတော်၏ လက်ရုံးဝန်ထမ်း တပ်ဖွဲ့များနှင့် ပူးပေါင်းပြီး ပြည်တွင်း တည်ငြိမ်အေးချမ်းသာယာရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရေးအတွက် လိုအပ်သည့် စစ်ဆင်ရေးနှင့် နယ်မြေစိုးမိုးရေးဆောင်ရွက်ရာတွင်လည်း ကျရာအခန်းကဏ္ဍ၌ ပါဝင်ထမ်းဆောင်ခဲ့ကြကြောင်း။

ထို့အပြင် လူသားအားလုံး အခြေခံလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို အရည်အသွေးပြည့်ဝစွာနှင့် ငွေကြေးအခက်အခဲမရှိဘဲ ရယူနိုင်ရမည်ဆိုသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ကျန်းမာရေးလွှမ်းခြုံမှုပန်းတိုင်အတိုင်းပင် တပ်မတော်ဆေးရုံ၊ ဆေးတပ်ရင်းတပ်ဖွဲ့များ၌ တပ်မတော်သားများနှင့် မိသားစုဝင်များကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ စစ်မြေပြင်လက်တွေ့ ဆေးအကာအကွယ်ပေးရေး လုပ်ငန်းများသာမက ခေတ်အဆက်ဆက် ဒေသတွင်း ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကိုလည်း အကုန်အကျ အနည်းဆုံးဖြင့် ရောဂါပျောက်ကင်းစေရေး တစ်ဖက်တစ်လမ်းကလည်း ကူညီဖြေရှင်းဆောင်ရွက်ပေးခဲ့ကြကြောင်း။

နိုင်ငံတော်အစိုးရအဆက်ဆက် နိုင်ငံတစ်ဝန်းလုံးတွင် ရှိသည့် ပြည်သူလူထုကို ပြည့်စုံလုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး ရည်ရွယ်ဆောင်ရွက်သည့် နေရာတွင်လည်း တစ်ဖက်

စာမျက်နှာ ၅ သို့ »»»




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း ကျောင်းဆင်းတပ်ခွဲများအား စစ်ဆေးစဉ်။

»»» **စာမျက်နှာ ၄ မှ**

တစ်လမ်းက အတတ်နိုင်ဆုံး ကူညီဖြည့်ဆည်းပေးနိုင်ရန်အတွက် ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းကစ၍ တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့များက နယ်လှည့်ဆေးကုသမှု လုပ်ငန်းများကို အင်တိုက်အားတိုက် တိုးမြှင့်ဆောင်ရွက်ပေးရာတွင် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများသည် ပြည်သူ့အကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် တောင်ပေါ်ဒေသနှင့် ကျေးလက်ဒေသများပါမကျန် ကိုယ်တိုင်ကိုယ်ကျ သွားရောက်စောင့်ရှောက်ကုသပေးခဲ့ကြကြောင်း။

**ရွှေ့လျားဆေးကုသမှု**

ထိုသို့ ဆောင်ရွက်ရာတွင် တပ်မတော်သား အရာရှိ/စစ်သည် ကျွမ်းကျင်သူများအပြင် ဆေးဘက်ဆိုင်ရာ ဆေးဝါးများ၊ ကုသရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများပါဝင်သည့်ရွှေ့လျားဆေးကုသမှုယာဉ်များဖြင့် ပါဝင်ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ရေလမ်းကြောင်းတစ်ခုတည်းသာ အားကိုးအားထားပြုပြီး သွားလာနေကြရသည့် နေရာမျိုးများသို့လည်း မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တို့ဖြင့် မြစ်ဝကျွန်းပေါ်ဒေသနှင့် ကမ်းရိုးတန်းဒေသများရှိ ပြည်သူလူထုများကို ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ခဲ့ကြောင်း။

ထို့အပြင် ကြိုတင်မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရသည့်အချိန်တိုင်းတွင်လည်း နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က **"လူ့အသက်ထက်အရေးကြီးတာဘာမှမရှိ"**ဟု မိန့်ကြားထားသည့်အတိုင်း တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည်လည်း အချိန်၊ နေရာဒေသ၊ လူမျိုးဘာသာမရွေး ကူညီစောင့်ရှောက်နိုင်ရန် ကယ်ဆယ်ရေး လုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ပြင်သင်ကြားရေးဆောင်ရွက်ရင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု အမြင့်ဆုံးအချိန်တွင်လည်း စာတွေ့မှ လက်တွေ့ဆီသို့ ပြောင်းလဲကာ လိုအပ်ချက်အရ အသက်အန္တရာယ်နှင့် ဆိုးရွားပြင်းထန်သည့် ရောဂါကူးစက်ခံရနိုင်မှုကို မကြောက်မရွံ့ နောက်မတွန့်ဘဲ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် ကိုယ်ကျိုးစွန့် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကိုလည်း ဂုဏ်ယူဖွယ်တွေ့မြင်ခဲ့ရကြောင်း၊ ထို့ကြောင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် သူနာပြုတပ်ဖွဲ့ဝင်ကောင်းများ အဖြစ် ကျရာတာဝန်ကို ဆက်လက်ကျေပွန်စွာ ထမ်းဆောင်နိုင်စေရန် မိမိတို့၏ သက်ဆိုင်ရာဘာသာရပ် နယ်ပယ်အသီးသီးတွင် အရည်အချင်း၊ အရည်အသွေး ပြည့်မီသူများဖြစ်အောင် အမြဲမပြတ်ဖြည့်ဆည်း ကြိုးစားကြရန်လိုကြောင်း။

သူနာပြုပညာရပ်သည် ကျန်းမာရေးကဏ္ဍတွင် အရေးပါသည့် ပညာရပ်တစ်ရပ် ဖြစ်ကြောင်း၊ သူနာပြုများသည်လည်း ကရုဏာတရားကြီးမားပြီး ကြင်နာတတ်သူ၊ ကိုယ်ကျိုးစွန့် အနစ်နာခံတတ်သူ၊ စေတနာထက်သန်သူ၊ စိတ်ထားမွန်မြတ်သူ၊ အပင်ပန်း အဆင်းရဲခံနိုင်သူ၊ ကိုယ်ကျင့်သိက္ခာကောင်းမွန်သူ စသည့်အင်္ဂါရပ်များနှင့် ထူးထူးကဲကဲ ပြည့်စုံသူများဖြစ်ကြောင်း၊ စေတနာနှင့် အကြင်နာဆိုသည် အလွန်ထိရောက်သည့် စိတ်ပိုင်းဆိုင်ရာ ကုထုံးဖြစ်သည့်အပြင် လူနာ၏ ယုံကြည်လေးစားမှု၊ ချစ်ခင်မှုများကို ရရှိစေနိုင်ကြောင်း၊ သူနာပြုတစ်ဦးအနေဖြင့် ကျန်းမာရေးပြုစုစောင့်ရှောက်ပေးရာတွင် ကျန်းမာရေးဆိုင်ရာ ပညာပေးသူ၊ ဆွေးနွေးအကြံပြုသူ၊ ပြုစုစောင့်ရှောက်ပေးသည့်သူ စသည့် အသွင်သဏ္ဌာန်မျိုးစုံနှင့် ကျန်းမာရေးမြှင့်တင်မှု လုပ်ငန်းစဉ်များတွင် ပါဝင်နေကြခြင်းဖြစ်ပြီး သူနာပြုတစ်ဦး၏ အပြောအဆို၊ အပြုအမူသည် လူနာ၏ စိတ်ဓာတ်ခွန်အားများ လန်းဆန်း တက်ကြွစေနိုင်ပြီး ကုသမှုကို ထိရောက်စေကြောင်း။

ထို့ကြောင့် သူနာပြုကောင်းတစ်ဦးဖြစ်စေရန် အရေးကြီးဆုံးသည် **"ဝါသနာ၊ စေတနာ၊ အကြင်နာ၊ အနစ်နာ၊ နမူနာ"** ဆိုသည့် နာ ငါးနာနှင့် ပြည့်စုံနေရန် လိုအပ်ကြောင်း၊ ထိုသို့ ထားရှိရမည့် အခြေခံကောင်းများကို လေးနှစ်တာ သင်တန်းကာလအတွင်း၌ သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် သူနာပြုကောင်း တစ်ဦးတွင် ထားရှိရမည့် လူသားဆန်သည့် စိတ်ဓာတ်များဖြစ်သည့် တည်ငြိမ်ရဲရင့်မှု၊ မြှုပ်နှံစုစည်းမှု၊ အသိဉာဏ်ရှိမှု၊ ခံနိုင်ရည်ရှိမှု၊ စိတ်အားထက်သန်မှု၊ ကိုယ်ချင်းစာစိတ်ရှိမှုများနှင့် ပြည့်ဝနေစေရန် မိမိကိုယ်ကို အမြဲမပြတ်ဖြည့်ဆည်းလေ့ကျင့်နေရမည်ဖြစ်ကြောင်း။

**သူနာပြုကောင်းများ ဖြစ်လာမည်**

သူနာပြုစိတ်ဓာတ်၏ အခြေခံ ညွှန်းဆိုချက်သည် "လူနာ၏ စိတ်ရောကိုယ်ပါ ကျန်းမာရေးနှင့် ခံစားမှုဆိုင်ရာ ကောင်းမွန်ရေး" ပင်ဖြစ်ကြောင်း၊ သူနာပြုစိတ်ဓာတ်ကောင်းများနှင့် ပြည့်စုံနေမည်ဆိုလျှင် မည်သည့်နေရာဒေသတွင်မဆို ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားနိုင်မည်ဖြစ်ပြီး တပ်မတော်သားမိသားစုဝင်များနှင့် ပြည်သူလူထုက အားကိုးအားထားပြုရသည့် သူနာပြုကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း။

ထို့အပြင် သူနာပြုများ ခံယူအပ်သည့် သူနာပြုအဓိဋ္ဌာန် ကတိသစ္စာကိုးချက်ကိုလည်း တည်ကြည်ဖြောင့်မတ်မြဲမြံစွာ စောင့်ထိန်းလိုက်နာသွားကြရန် အထူးလိုအပ်ကြောင်း၊ မည်သို့ပင် တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန် အလံမလဲ စိတ်ဓာတ်များဖြင့် တိုက်ပွဲဝင်ကြသည့် တပ်မတော်သား အရာရှိ/စစ်သည်များ ဒဏ်ရာအနာတရဖြစ်ချိန်၊ ကျန်းမာရေးချို့ယွင်းချိန်များတွင် လူသားများပီပီ ပြုစုစောင့်ရှောက်သူများ၏ အကြင်နာ၊ ကရုဏာကို တမ်းတလိုချင်ကြခြင်းဖြစ်၍ လူနာအားလုံး၏ ကိုယ်ရောစိတ်ပါ ကျန်းမာရေးကို မိမိ၏ အရေးကိစ္စကဲ့သို့ သဘောထားပြီး ကျန်းမာရေး ပြုစုစောင့်ရှောက်မှုပေးရန်လိုအပ်၍ မိမိ၏ ကျင့်ဝတ်နှင့် ဂုဏ်သိက္ခာကိုလည်း တန်ဖိုးထားမြှင့်တင်ကြရမည်ဖြစ်ကြောင်း။

အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့်နည်းပညာခေတ်တွင် စစ်ဆင်မှုပုံစံများနှင့် ကျင့်သုံးသည့် စစ်နည်းဗျူဟာများကလည်း တိုးတက်ပြောင်းလဲလျက်ရှိကြောင်း၊ ယနေ့ ခေတ်သစ်စစ်ပွဲများတွင် အချိုးညီ ဘက်စုံစစ်ပွဲအသွင်၊ အချိုးမညီ ဘက်စုံစစ်ပွဲအသွင် သီးသန့်စီဖြစ်စေ၊ ပေါင်းစပ်ပြီးဖြစ်စေ ကျင့်သုံးသည့် စစ်ဆင်မှုအမျိုးမျိုးကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တိုက်ပွဲများ ဖော်ဆောင်နေကြခြင်းဖြစ်ကြောင်း။

ယနေ့ ကမ္ဘာကြီးသည်လည်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ် (၂၀)မှ အကောင်းဆုံး သင်တန်းသားဆုရရှိသူ သင်တန်းသား ဆလိုင်းပြည့်စုံအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

ကမ္ဘာ့ရွာကြီးပုံစံ ဖြစ်ပေါ်နေသည့်အတွက် နိုင်ငံတိုင်းသည် ထီးတည်းနေ၍မရဘဲ ကိုယ်ကျိုးစီးပွားတူညီသူအချင်းချင်း လက်တွဲဆောင်ရွက်နေကြရကြောင်း၊ ထို့အပြင် ကိုယ်ကျိုးစီးပွားတူအချင်းချင်း မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ပူးပေါင်းဆောင်ရွက်ရာတွင် စစ်ဘက်ဆိုင်ရာ ကဏ္ဍများတွင်လည်း အတွေ့အကြုံရရှိစေရန် နိုင်ငံတကာ တပ်မတော် အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်စေခြင်း၊ တပ်ဖွဲ့အတွင်း ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အာဆီယံ စစ်ဘက်ဆေးပညာညီလာခံ၊ အာဆီယံခေတ်၊ ဓာတုဇီဝနှင့် ရေဒီယိုသတ္တကြွဆိုင်ရာ ကာကွယ်ရေး ကျွမ်းကျင်ပညာရှင်များ ကွန်ရက်၊ အာဆီယံတပ်မတော် ဆေးဘက်ဆိုင်ရာ ဗဟိုဌာန၊ အာဆီယံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းမှုဗဟိုဌာန စသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံဆေးတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ စစ်ဘက်ဆေးတက္ကသိုလ်များ ညီလာခံ၊ နိုင်ငံတကာစစ်ဘက်ဆေးပညာဆိုင်ရာ ကော်မတီများနှင့် စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံခြင်းများ ဆောင်ရွက်စေလျက်ရှိပြီး ရရှိလာသည့် အတွေ့အကြုံ ဗဟုသုတများကို အခြေခံပြီး တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် မြင့်မားလာစေရန် ဆက်လက်လေ့ကျင့်ပေးသွားရမည်ဖြစ်ကြောင်း။

ထို့အပြင် အနာဂတ်ကာလတွင် Artificial Intelligence (AI) နည်းပညာရပ်သည် ဆေးကုသမှုဆိုင်ရာနယ်ပယ်ထဲ၌ အနေးနှင့် အမြန်ဆိုသလို ဝင်ရောက်လာနေခြင်းဖြစ်သည့်အတွက် ဆေးပညာသင်ကြားရေး(Medical Education)တွင် ဆရာဝန်နှင့် သူနာပြုသင်တန်းသား သင်တန်းသူများကို AI နည်းပညာနှင့် ရင်းနှီးအောင် သင်ကြားပေးနိုင်ရန် သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာ စံနှုန်းနှင့် နှိုင်းယှဉ်ပြီး လိုအပ်သလို ပြောင်းလဲပြင်ဆင်သွားကြရမည်ဖြစ်ကြောင်း။

ပညာဗဟုသုတ ရှာမှီးမှု (Knowledge Acquisition)ကို အခြေခံသည့် သင်ကြားမှုစနစ်ကနေ ဗဟုသုတစီမံခန့်ခွဲမှုနှင့် ဆက်သွယ်ဆောင်ရွက်မှု(Knowledge Management and Communication)ကို အခြေခံသည့်

**စာမျက်နှာ ၆ သို့** »»»

»»» စာမျက်နှာ ၅ မှ

သင်ရိုးညွှန်းတမ်းများ ဖြစ်အောင် အဆင့်မြှင့်တင် ဆောင်ရွက်သွားရန်လိုအပ်ပြီး ခေတ်နှင့်လျော်ညီသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် ဆရာဝန်များနှင့် သူနာပြုများကို အောင်မြင်စွာ မွေးထုတ်ပေးနိုင်ရန် ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း။

တပ်မတော်သည် တိုင်းပြည်၏ အစိတ်အပိုင်း၊ ပြည်သူများ၏ အစိတ်အပိုင်းပင်ဖြစ်ပြီး တပ်မတော်သားများသည် တိုင်းရင်းသား ပြည်သူများမှ မွေးဖွားလာကြသူများ၊ မည်သူတစ်ဦးတစ်ယောက်မျှ တိုက်တွန်း၍မဟုတ်ဘဲ မိမိဆန္ဒအရ တပ်မတော်အတွင်းသို့ စစ်မှုထမ်းများအဖြစ် ဝင်ရောက်လာကြသူများဖြင့် ဖွဲ့စည်းထားသည့် တစ်ခုတည်းသော တပ်မတော်ဖြစ်ကြောင်း၊ တပ်မတော်၏ အဓိကတာဝန်က နိုင်ငံတော်ကာကွယ်ရေးတာဝန် ဖြစ်ခြင်းနှင့်အညီ ပြည်တွင်းနှင့် ပြည်ပရန်စွယ်အန္တရာယ် ဟူသမျှကိုလည်း လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းမှစ၍ ယနေ့တိုင် ခေတ်အဆက်ဆက် အစိုးရအဆက်ဆက်၌ ကာကွယ်ခဲ့၊ ကာကွယ်ဆဲဖြစ်ကြောင်း။

**ထာဝရငြိမ်းချမ်းရေးအတွက်**

ယနေ့ အချိန်ကာလသည် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်မာစေရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ချမှတ်ပြီး နိုင်ငံရေးရည်မှန်းချက်ဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံစေရေး ရည်မှန်းချက်များထားရှိ၍ နိုင်ငံတော်ကို အားသွန်ခွန်စိုက် ကြိုးပမ်းတည်ဆောက်နေချိန်ဖြစ်ကြောင်း၊ ထိုသို့တည်ဆောက်သည့် နေရာတွင် နိုင်ငံအဝှမ်း တည်ငြိမ်အေးချမ်းမှုသည် မရှိမဖြစ် အထူးပင်လိုအပ်ကြောင်း၊ထို့အတွက်ကြောင့်လည်း လွတ်လပ်ရေးရပြီး ကတည်းက (၇၅)နှစ် ကြာသည်အထိ နယ်ချဲ့ကိုလိုနီများ၏ သွေးခွဲမှုအမျိုးမျိုးကြောင့် နိုင်ငံရေးအယူအဆများ၊ လူမျိုးရေးအယူအဆများ၊ ဘာသာရေး အယူအဆများစသည့် အယူအဆ အမျိုးမျိုးကြောင့် ပဋိပက္ခအမျိုးမျိုးကို ပြည်သူများ အများစုခါးစည်းခံခဲ့ရမှုများလည်းရှိနေခဲ့၊ ရှိနေဆဲဖြစ်ခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတစ်ဝန်းလုံး ထာဝရငြိမ်းချမ်းတည်ငြိမ်ပြီး အမြန်ဆုံး တိုးတက်ဖွံ့ဖြိုးရေးအတွက် ၂၀၂၂ ခုနှစ်၊ ဧပြီ ၁၁ ရက်တွင်ကြိုတင်ကန့်သတ်ချက်မထားဘဲ ထာဝရငြိမ်းချမ်းရေး အတွက် ပွင့်လင်းမြင်သာစွာ ဖိတ်ခေါ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကိုယ်တိုင် ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် အဖွဲ့အစည်း ခေါင်းဆောင်များအား လက်ခံတွေ့ဆုံ၍ ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံမှုအခြေအနေ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးကို လက်ခံမှုအခြေအနေ နှစ်ချက်အပေါ် အပြန်အလှန်ဆွေးနွေးပြီးနောက် လက်ခံကြသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၁၀ ဖွဲ့အား အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးအကောင်အထည်ဖော်မှုညှိနှိုင်းရေးကော်မတီဖြင့်အသေးစိတ်ဆွေးနွေးမှုများကို အပြုသဘောဆောင်လျက် အပြန်အလှန်ဆွေးနွေးလျက်ရှိကြောင်း။

ထိုသို့ တပ်မတော်နှင့် တိုက်ရိုက်ထာဝရငြိမ်းချမ်းရေးရရှိစေရေး ဖိတ်ခေါ် ဆွေးနွေးခဲ့ခြင်းသည်လည်း လွတ်လပ်ရေးရပြီး (၇၅)နှစ်တာကာလအတွင်း ပဋိပက္ခအမျိုးမျိုးကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လာခဲ့ကြသည့် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် သွေးချင်းညီအစ်ကိုမောင်နှမများ၏ ခံစားခဲ့၊ ခံစားကြရဆဲ ပဋိပက္ခဆိုးကျိုးများချုပ်ငြိမ်းပြီး နိုင်ငံတော်ကြီး အမြန်ဆုံးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်စေရန်ပင်ဖြစ်ကြောင်း၊ ထာဝရငြိမ်းချမ်းရေးနှင့် ပတ်သက်လာလျှင် ကျရာအခန်းကဏ္ဍက တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်ရန် ငြိမ်းချမ်းရေးဖြစ်စဉ်ဖြစ်ရပ်နှင့် သမိုင်းကြောင်းများကို အမြဲလေ့လာ မှတ်သားနေရန် လိုအပ်ကြောင်း။

**တပ်တွင်း၊ တပ်ပြင် စည်းလုံးညီညွတ်ရေးကို ခိုင်မာစွာ တည်ဆောက်ထားရန် လိုအပ်**

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်များအပြင် သမိုင်းက ပေးအပ်လာသည့် အမျိုးသားနိုင်ငံရေးတာဝန်များကို အောင်မြင်စွာ ထမ်းရွက်နိုင်ရန် တပ်တွင်း၊ တပ်ပြင် စည်းလုံးညီညွတ်ရေးကို ခိုင်မာစွာ တည်ဆောက်ထားရန် လိုအပ်ကြောင်း၊ တပ်မတော်သား အဆင့်အတန်းအားလုံးနှင့် မိသားစုဝင်များသည် ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်ဆိုသည့်အတိုင်း စုစည်းကျစ်လျစ် ခိုင်မာနေရန် အထူးလိုအပ်ကြောင်း၊ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်ခြင်းနှင့်အညီ လူမှုကွန်ရက်အမျိုးမျိုးကို နည်းမျိုးစုံအသုံးချပြီး တပ်တွင်းစည်းလုံးညီညွတ်မှု ပြိုကွဲရေးကို ပြုလုပ်နေကြသလို Main Stream Media များကလည်း တပ်မတော်နှင့် တပ်မတော်သားများအပေါ်ကို နိုင်ငံတကာ၌ ပုံရိပ်ဆိုးများအဖြစ် နားလည်မှုလွဲမှားစေရေး ပုံဖော်နေလျက်ရှိခြင်းကိုလည်း သတိပြုကြရန်လိုအပ်ပြီး ထုတ်ပြန်ပေးထားသည့် Rule of Engagement (ROE) နှင့် Counter Insurgency Operation (CIO)တို့ကိုလည်း သက်ဆိုင်ရာကဏ္ဍအလိုက် တိကျစွာ လိုက်နာကြရန်လိုကြောင်း။

ထို့အပြင် တပ်တွင်းစည်းလုံးညီညွတ်ရေးကို ခိုင်မာအောင် တည်ဆောက်ရမည်ဖြစ်၍ တစ်ဖက်ကလည်း တပ်ပြင်စည်းရုံးရေးကို တိုးမြှင့်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် ကူညီထောက်ပံ့ပေးခြင်းများသည် လက်တွေ့ပါသည့် စည်းရုံးရေး ဆောင်ရွက်နေခြင်းကို နားလည်သဘောပေါက်ကြရမည် ဖြစ်ကြောင်း၊ တပ်မတော်နှင့် ပြည်သူ တစ်သားတည်းဖြစ်အောင် ပြည်သူလူထု အပေါ်ပြုကျင့်ရမည့် ကျင့်ဝတ်များကို လိုက်နာကျင့်သုံးခြင်းဖြင့် တပ်ပြင်စည်းရုံးရေးကိုအလေးထား ဆောင်ရွက်ကြရန်လိုကြောင်း။

စစ်သည်တော်ကောင်းတစ်ဦး အဖြစ် တာဝန်ထမ်းဆောင်ရာတွင် တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်၊ လှေခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်၊ တပ်မတော်၏ အစဉ်အလာကို အသက်ပေးစောင့်ထိန်းလိုသည့် စိတ်ဓာတ်စသည့် တပ်မတော်၏ စိတ်ဓာတ်များကိုလည်း လေ့ကျင့် မွေးမြူထားကြရန်လည်း လိုအပ်ကြောင်း၊ ယခုလိုစိတ်ဓာတ်များ ရှိရန်၊ ခိုင်မာမြဲမြံနေရန် စစ်စည်းကမ်းသည် အဓိက ကျောရိုးမဏ္ဍိုင်ပင်ဖြစ်ကြောင်း၊ တပ်မတော်သား များသည် စစ်ဘက်ဥပဒေများ အပြင် နယ်ဘက်ဥပဒေများကိုပါ စောင့်ထိန်းလိုက်နာကြရသည့် သူများဖြစ်၍ တားမြစ်ချက်၊ တိုက်တွန်းချက်များကို သိရှိလိုက်နာပြီး တိကျစွာ မိမိကိုယ်တိုင်နှင့် မိမိအဖွဲ့အစည်းပါ လိုက်နာကြရန် လိုအပ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးစုတစ်စု၊ အဖွဲ့အစည်းတစ်ခု ဖွံ့ဖြိုးတိုးတက် အောင်မြင်ရန်အတွက် အခြေခံ အကျဆုံးသည် စည်းကမ်းကောင်းမွန်ရေးပင် ဖြစ်ကြောင်း။

ယနေ့ခေတ်မီဖွံ့ဖြိုးပြီး နိုင်ငံကြီးများကိုကြည့်လျှင် အခြေခံအားဖြင့် ပြည်သူအများစုသည် စည်းကမ်း၊ စိတ်ဓာတ် ကောင်းမွန်ကြံ့ခိုင်ကြသူများ ဖြစ်ကြသည်ကို တွေ့မြင်ကြရကြောင်း၊ထို့ကြောင့် တစ်ဦးချင်းမှအစ မိမိပါဝင်သည့် အဖွဲ့အစည်းကိုလည်း စည်းကမ်းစိတ်ဓာတ် ပြည့်ဝကြံ့ခိုင် ကောင်းမွန်အောင် ကြိုးပမ်းတည်ဆောက်ကြခြင်းဖြင့် အမိနိုင်ငံတော်ကြီး အမြန်ဆုံး ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

သစ္စာစောင့်သိမှု တရားသည် တပ်မတော်အား (၁၀)ပါးတွင် တစ်ပါးအပါအဝင် ဖြစ်ကြောင်း၊ အမိန့်နာခံတတ်မှု၊ စိတ်ဓာတ်ခိုင်မာမှု၊ စည်းကမ်းကောင်းမွန်မှုများနှင့် ပြည့်စုံနေမည်ဆိုလျှင် မိမိတပ်ရင်း၊ တပ်ဖွဲ့၊ တပ်မတော်နှင့် ပြည်သူလူထုအပေါ်၊ နိုင်ငံတော်အပေါ်တွင် သစ္စာစောင့်သိနေခြင်းပင်ဖြစ်၍ မိမိအဖွဲ့အစည်းနှင့် သေအတူ ရှင်မကွာအတူတကွ လက်တွဲ တာဝန်ထမ်းဆောင်နေကြသည့် ရဲဘော် ရဲဘက်များအပေါ်တွင် ထားရှိရမည့် သစ္စာစောင့်သိမှုသည် ပို၍အရေးကြီးကြောင်း။

တပ်မတော်နှင့် နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်သည့် မည်သည့်လုပ်ရပ်မျိုးကိုမဆို ရှောင်လွှဲဆန့်ကျင်ရမည် ဖြစ်ကြောင်း၊ အမိနိုင်ငံတော်ကြီးကို တစ်စိတ်တစ်ဝမ်းတည်း ဖြစ်အောင်၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ရင်းနှီးချစ်ခင် စည်းလုံးညီညွတ်မှုရရှိအောင်၊ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် မြတ်နိုးတန်ဖိုးထားပြီး ဝိုင်းဝန်းကြံ့ဆောင်ကြခြင်းဖြင့် သစ္စာစောင့်သိမှုကို ပြသကြရမည်ဖြစ်ကြောင်း။

ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များဖြစ်သည့် ရဲဘော်တို့သည်လည်း တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာ ကောင်းများကို ထိန်းသိမ်းပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကျရာအခန်းကဏ္ဍကနေ စွမ်းစွမ်းတမံ ထမ်းဆောင်သွားကြပြီး တပ်မတော်က ယုံကြည်အားထား ဂုဏ်ယူရသည့် ဆေးဝန်ထမ်း တပ်ဖွဲ့ဝင် သူနာပြုနှင့် ဆေးဘက်ပညာကျွမ်းကျင်သူများဖြစ်အောင် ကြိုးစားတည်ဆောက် သွားကြရန် လိုကြောင်း။

**အဓိဋ္ဌာန်ပြုကတိသစ္စာ ၉ ချက်နှင့် အညီ စောင့်ထိန်းလိုက်နာ**

သူနာပြုစိတ်ဓာတ် ပြည့်ဝပြီး ကိုယ်ကျင့်သိက္ခာနှင့် ပြည့်စုံသည့် သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးဘက်ဆိုင်ရာ နည်းပညာ ကျွမ်းကျင်သူများဖြစ်အောင် ဆက်လက်လေ့ကျင့် ဖြည့်ဆည်းသွားကြရန်၊ တပ်မတော်သား မိသားစုဝင်များကိုသာမက ပြည်သူလူထု တစ်ရပ်လုံးကို ပြည့်စုံလုံလောက်သည့် ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် သူနာပြုများ ခံယူကျင့်သုံးအပ်သည့် အဓိဋ္ဌာန်ပြုကတိသစ္စာ ၉ ချက်နှင့်အညီ စောင့်ထိန်းလိုက်နာသွားကြရန်၊ နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်မှုများကို ဆင်ခြင်သုံးသပ်ပြီး တပ်တွင်း၊ တပ်ပြင် စည်းလုံးညီညွတ်ရေးကို မြဲမြံခိုင်မာအောင် တည်ဆောက်သွားကြရန်၊ စိန်ရတု ဆေးတပ်ဖွဲ့နေ့တိုင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များ၏ ကောင်းမြတ်သည့် သမိုင်းအစဉ်အလာများကို ဆက်လက်ထိန်းသိမ်း သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းသည် ကျောင်းဆင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းသည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ် ကျောင်း၌ာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် သင်တန်းသား သင်တန်းသူများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၂၀)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၇)သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့တက်ရောက်ချီးမြှင့်ပြီး သင်တန်းဆင်း သူနာပြုများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကိုအတူတကွ သုံးဆောင်ကြသည်။

ညစာ သုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ် ဂုဏ်ပြုစစ်တီးဝိုင်း၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်း သူနာပြုများနှင့်အတူ သဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း ထူးချွန်ဆုရရှိကြသည့် သင်တန်းသား သင်တန်းသူများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အရိုးရောဂါအထူးကုဆေးရုံကြီး(ရန်ကုန်) တိုးချဲ့ငါးထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အရိုးရောဂါ အထူးကုဆေးရုံကြီး(ရန်ကုန်) တိုးချဲ့ငါးထပ်ကုသဆောင်သစ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၉**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အရိုးရောဂါအထူးကုဆေးရုံကြီး(ရန်ကုန်)တိုးချဲ့ငါးထပ်ဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ အဆိုပါဆေးရုံကြီး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အတူ ပြည်ထောင်စု ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အငြိမ်းစားဆေးပညာရှင်ကြီးများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် အခြား ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က တိုးချဲ့ငါးထပ်ဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တိုးချဲ့ငါးထပ်ဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

**အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များက ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေချိန်တွင် နိုင်ငံတော်နှင့်ပြည်သူလူထု၏ လူမှုစီးပွားဘဝတည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်လျက်ရှိကြောင်း၊ **“လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိဆိုသည့်”** နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လမ်းညွှန်ချက်နှင့်အညီ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့်လည်း တိုင်းရင်းသားပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်

**★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရေးဆောင်ရွက်ချိန်တွင် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေးမှာ အဓိကအခြေခံကျလျက်ရှိကြောင်း၊ ထိုသို့မွေးထုတ်ပေးနိုင်ရန်အတွက် ကျန်းမာရေးကောင်းမွန်ကြရန်လိုပြီး ကျန်းမာကြံ့ခိုင်မှ ဘဝအတွက်လိုအပ်သည့် အသိပညာ၊ အတတ်ပညာများကို ကောင်းမွန်စွာသင်ယူဆည်းပူးနိုင်မည်ဖြစ်ကာ နိုင်ငံတော်နှင့် မိမိတို့၏ ကိုယ်ကျိုးစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ကောင်းမွန်စွာလုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ပြည်သူများအတွက် လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုကို စနစ်တကျ ဆက်လက်စီမံဆောင်ရွက်ပေးကြရန် တိုက်တွန်းလို**

မှုကို အဓိကတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း၊ စတုတ္ထလှိုင်း ရောဂါကူးစက်မှု အဆိုးရွားဆုံး ကာလအတွင်း ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ရှိသမျှလူ့စွမ်းအား၊ ပစ္စည်းစွမ်းအား၊ ဉာဏစွမ်းအားများနှင့် ဆောင်ရွက်ခဲ့သည်ကိုလည်း အားလုံးတွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ့အတွက် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကြီး တည်ဆောက်ရေး ဆောင်ရွက်ချိန်တွင် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေးမှာ အဓိကအခြေခံကျလျက်ရှိကြောင်း၊ ထိုသို့မွေးထုတ်ပေးနိုင်ရန်အတွက် ကျန်းမာရေးကောင်းမွန်ကြရန်လိုပြီး ကျန်းမာကြံ့ခိုင်မှ ဘဝအတွက်လိုအပ်သည့် အသိပညာ၊ အတတ်ပညာများကို ကောင်းမွန်စွာ သင်ယူဆည်းပူးနိုင်မည်ဖြစ်ကာ နိုင်ငံတော်နှင့် မိမိတို့၏ ကိုယ်ကျိုးစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ကောင်းမွန်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ပြည်သူများအတွက်လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို စနစ်တကျ ဆက်လက်စီမံဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။

၂၀၂၀ ပြည့်နှစ်မှ စတင်ကာ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုများကြောင့် နိုင်ငံအားလုံးသည် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရပြီး စီးပွားရေး၊ ပညာရေးသာမက ဆေးကုသရေး လုပ်ငန်းများတွင်လည်း ကပ်ရောဂါ

**စာမျက်နှာ ၈ သို့ ❖**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အရိုးရောဂါ အထူးကုဆေးရုံကြီး(ရန်ကုန်) တိုးချဲ့ငါးထပ်ဆောင်အတွင်း လှည့်လည်ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အရိုးရောဂါအထူးကုဆေးရုံကြီး (ရန်ကုန်)တိုးချဲ့ငါးထပ်ကုသဆောင်သစ် ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

❖ စာမျက်နှာ ၇ မှ

ဖြစ်ပွားမှုကြောင့် နှောင့်နှေးခဲ့ရကြောင်း၊ ကျန်းမာရေးကဏ္ဍတွင်လည်း အရှိန်အဟုန်နှင့် ဆောင်ရွက်နေရသည့် လုပ်ငန်းများ နှောင့်နှေးခဲ့ရကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ခဲ့ပြီ ဖြစ်သည့်အတွက် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့သည့် လုပ်ငန်းများကို ဖြစ်နိုင်သမျှ နည်းလမ်းများနှင့် ပြန်လည်ကုစားရာတွင် ကျန်းမာရေးကဏ္ဍရှိ နှောင့်နှေးခဲ့ရသည့် ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုများ၊ ကုသရေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ၊ ဆေးပညာသင်ကြားရေးလုပ်ငန်းများကို အင်အားပြည့် ဆောင်ရွက်နိုင်ကြရန်အတွက် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ပြည်သူလူထုအပေါ် စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ခရိုင်များ ထပ်မံ တိုးချဲ့ဖွဲ့စည်းပေးခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်တွင်လည်း ခရိုင်အဆင့် ကုသရေးဦးစီးဌာနရုံး ၄၈ ရုံး အထိ တိုးမြှင့်ခွင့်ပြုထားရှိပြီး ဖြစ်သည့်အတွက် စနစ်တကျကြပ်မတ်မှုများ ဆောင်ရွက်ပါက ပြည်သူများအပေါ် ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံနိုင်မှု ပိုမိုပေးနိုင်မည့် နယ်မြေသည်လည်း ပိုမိုကျယ်ပြန့်လာမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်တွင် ပြည်သူ့ဆေးရုံပေါင်း ၁၁၇၈ ရုံ ဖွင့်လှစ်ခွင့်ပြုထားရှိပြီး ရန်ကုန်တိုင်းဒေသကြီး အတွင်းတွင် ဆေးရုံစုစုပေါင်း ၈၃ ရုံ ခွင့်ပြုထားရာ လူဦးရေထူထပ်မှု၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုတို့ကြောင့် လူနာများ လွှဲပြောင်းလက်ခံ ဆောင်ရွက်နိုင်သည့် ဗဟိုအဆင့် အထူးကုဆေးရုံ ၁၀ ရုံဖွင့်လှစ်ပြီး ကုသရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်စဉ်ကာလအတွင်း ဆေးရုံအဆောက်အအုံသစ်များ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့မှုအနေဖြင့် ရန်ကုန်မြို့ ဝေဘာဂီအထူးကု ဆေးရုံကြီးမှာပင် အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့သည့် ခုတင် (၁၀၀) ဆံ့ ဆေးရုံသစ်ကြီးသည် ကိုဗစ်-၁၉ ရောဂါအပါအဝင် ကူးစက်ရောဂါများကို ကုသပေးနိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီ ကုသခန်းများ ပါဝင်ပြီး မကြာသေးမီက ဖွင့်လှစ်ခဲ့သည့် ပြည်သူ့ဆေးရုံကြီး ပုသိမ်မြို့ ကိုးထပ် ကုသဆောင်သည်လည်း ခေတ်မီအဆောက်အအုံဖြစ်ရုံသာမက လူနာများ စိတ်အေးချမ်းစွာ ကုသမှုခံယူနိုင်အောင် ရှုထောင့်ပေါင်းစုံမှစဉ်းစားကာ အဆင့်မီ တည်ဆောက်ထားရှိကြောင်း။

ဆေးရုံသမိုင်းကြောင်းအရ အရိုးရောဂါအထူးကု ဆေးရုံကြီး-ရန်ကုန်ကို ၁၈၉၅ ခုနှစ်တွင် မသန်စွမ်းနှင့် အနာကြီးရောဂါကု ဂေဟာအဖြစ် စတင်ထူထောင်ဖွင့်လှစ်ခဲ့ကာ ၁၉၇၆ ခုနှစ်တွင် အရိုးရောဂါကုဆေးရုံအဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ခုတင်(၃၀၀)ဆံ့ ဆေးရုံအဖြစ် ခါးရိုးပိုင်းဆိုင်ရာ ခွဲစိတ်ကုသခြင်း၊ လက်ပိုင်းဆိုင်ရာ အနုစိတ်ခွဲစိတ်ကုသခြင်း၊ ဒူးဆစ်ရိုး၊ ပေါင်ထိပ်ရိုး အစားထိုးကုသခြင်းနှင့် အထွေထွေ အရိုးရောဂါကုသခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော် အစိုးရအနေဖြင့် ကျန်းမာရေးဝန်ထမ်းများ အင်အားပြည့်ထမ်းဆောင်နိုင်ရေး အတွက်လည်း လက်ထောက်ဆရာဝန်သစ်များ ခန့်ထားခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ပေးခြင်း၊ သူနာပြုသစ်များခန့်အပ်ခြင်း၊ ဆေးဘက်ကျွမ်းကျင် သင်တန်းများ၊ အကူသူနာပြုသင်တန်းများ ဖွင့်လှစ်ခြင်း၊ ဘာသာရပ်ဆိုင်ရာ အထူးကုဆရာဝန်များ တိုးတက်လာအောင် ဘွဲ့လွန်သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ခြင်းတို့ကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ လုပ်ငန်းခွင်သာယာရေး အတွက် ယခုကဲ့သို့ ဆေးရုံအဆောက်အအုံ အသစ်များ ဆောက်လုပ်ပေးခြင်း၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးခြင်း၊ ဝန်ထမ်းများအတွက် ရရှိသင့်သည့် ချီးမြှင့်ငွေများ ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုအဆောက်အအုံကို အချိန်မီနှင့် သတ်မှတ်အရည်အသွေးများနှင့် ပြည့်မီအောင် ပံ့ပိုးဆောင်ရွက်ပေးကြသည့် ကျန်းမာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အရိုးရောဂါအထူးကုဆေးရုံကြီး-ရန်ကုန်မှ ဆေးရုံ အုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ယခုကုသဆောင်သစ်ဖွင့်ပွဲ အခမ်းအနားမှသည် ပြည်သူများ အားထားယုံကြည်ရသည့် အထူးကုဆေးရုံကြီးအဖြစ် ဆက်လက်ရပ်တည်နိုင်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ပေးကြရန်နှင့် အထူးကုဆေးရုံကြီး၏ အဆောက်အအုံ သစ်လွင်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ ကျန်းမာရေးဝန်ဆောင်မှု ကောင်းမွန်ခြင်းနှင့် ဆေးရုံသစ်ကြီး၏ အတွင်း/အပြင် ပတ်ဝန်းကျင် ကောင်းမွန်ခြင်း စသည့်အခြေအနေကောင်းများကို ဆေးရုံအုပ်ကြီးနှင့်တကွ ကျန်းမာရေးဝန်ထမ်းများ အားလုံးက မိသားစုစိတ်ဓာတ်ဖြင့် စုစည်းညီညွတ်စွာ ရေရှည်တည်တံ့ခိုင်မြဲရေး စနစ်တကျ ထိန်းသိမ်းကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အဆောက်အအုံနှင့် ပတ်သက်သည့်မှတ်တမ်းများအား ဆောက်လုပ်ရေး အထူးအဖွဲ့ (၁) မှ ညွှန်ကြားရေးမှူးချုပ်က လွှဲပြောင်းပေးအပ်ရာ ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံရယူသည်။

**အမှတ်တရလက်ဆောင်ပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းထံ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပါမောက္ခချုပ် ဒေါက်တာ သီတာလှက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် တိုးချဲ့ ငါးထပ်ဆောင်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

★ **အရိုးရောဂါအထူးကု ဆေးရုံကြီး-ရန်ကုန်ကို ၁၈၉၅ ခုနှစ်တွင် မသန်စွမ်းနှင့် အနာကြီးရောဂါကု ဂေဟာအဖြစ် စတင်ထူထောင် ဖွင့်လှစ်ခဲ့ကာ ၁၉၇၆ ခုနှစ်တွင် အရိုးရောဂါကုဆေးရုံအဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ခုတင်(၃၀၀)ဆံ့ ဆေးရုံအဖြစ် ခါးရိုးပိုင်းဆိုင်ရာ ခွဲစိတ်ကုသခြင်း၊ လက်ပိုင်းဆိုင်ရာ အနုစိတ်ခွဲစိတ်ကုသခြင်း၊ ဒူးဆစ်ရိုး၊ ပေါင်ထိပ်ရိုး အစားထိုးကုသခြင်းနှင့် အထွေထွေ အရိုးရောဂါကုသခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိ**

★ **ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် ဆေးရုံစုစုပေါင်း ၈၃ ရုံ ခွင့်ပြုထားရာ လူဦးရေထူထပ်မှု၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုတို့ကြောင့် လူနာများ လွှဲပြောင်းလက်ခံ ဆောင်ရွက်နိုင်သည့် ဗဟိုအဆင့် အထူးကုဆေးရုံ ၁၀ ရုံ ဖွင့်လှစ်ပြီး ကုသရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ**



အရိုးရောဂါ အထူးကုဆေးရုံကြီး(ရန်ကုန်) တိုးချဲ့ငါးထပ်ကုသဆောင်သစ်ကို တွေ့ရစဉ်။

# စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့၏ စားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သည်အထိ စိုက်ပျိုးမွေးမြူရေးကို တိုင်းစစ်ဌာနချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြား

နေပြည်တော် ဒီဇင်ဘာ ၂၉

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်း ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ စိုက်ပျိုးမွေးမြူရေး စခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်းက ရှင်းလင်းတင်ပြစဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် အမှတ်(၁) စိုက်ပျိုးမွေးမြူရေးစခန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက ရန်ကုန်တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးခြံများတွင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ထွက်ရှိလာသည့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ကြက်ဥနှင့် နွားနို့များကို အရာရှိ၊ စစ်သည်မိသားစုများနှင့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးဇုန် ဖြစ်ပေါ်လာပုံ၊ ကော်မတီများဖွဲ့စည်းထားရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က ဘက်စုံစိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းသည် တပ်မတော်သားများအပြင် နိုင်ငံ့ဝန်ထမ်းများအား ပြင်ပပေါက်ဈေးထက် သက်သာစွာ ရောင်းချပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်သည့် အခြေအနေများ၊ အမြတ်ကို အဓိကမထားဘဲ သက်သာချောင်ချိရေးကို ဦးစားပေးဆောင်ရွက်ကြရန် လိုသည့်အခြေအနေများ၊ မွေးမြူရေးဆောင်ရွက်ရာတွင် မွေးမြူရေးသုတေသနအဖွဲ့များနှင့် တိုင်ပင်ဆွေးနွေး၍ ကျန်းမာရေးနှင့် ညီညွတ်သည့် ထုတ်ကုန်များရရှိအောင် ဆောင်ရွက်ကြရန်လိုအပ်သည့် အခြေအနေများ၊ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့၏ စားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သည်အထိ စိုက်ပျိုးမွေးမြူရေးကို တိုင်းစစ်ဌာနချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ညောင်နှစ်ပင် အထူးဇုန်နှင့်ပတ်သက်ပြီး မြေပြင်တွင် အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်နေမှုများကို ကြီးကြပ်ရေးအဖွဲ့များဖြင့် စနစ်တကျ ကြပ်မတ်ရန်လိုသည့် အခြေအနေများ၊ ရန်ကုန်မြို့ရှိ လူဦးရေနှင့် အညီ Supply နှင့် Demend ကို မျှတမှုရှိစေရေး တွက်ချက်ဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများ၊ တိုင်းဒေသကြီး အတွင်း ပိုလျှံသော သား၊ ငါးများကို ခေတ်မီအေးခဲစနစ်ဖြင့် ထိန်းသိမ်းနိုင်ရေး၊ ပြည်ပဈေးကွက်သို့ ပို့ဆောင်နိုင်ရေးစီမံသွားရန်နှင့် လုပ်ငန်းရှင်များ လာရောက် ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ် ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ ထွက်ရှိသည့် ဟင်းသီးဟင်းရွက်များ၊ မှိုနှင့် ကြက်ဥများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် မိဘမျိုးရင်း နိုဗိုဂျင်ဘရောင်း မျိုးကြက်များ မွေးမြူထားရှိမှုအခြေအနေ၊ ငါးကန်အမှတ် (၁)မှ ငါးများဖော်ယူနေမှုအခြေအနေကို ကြည့်ရှုအားပေးသည်။ အဆိုပါကန်၌ ငါးမြစ်ချင်း အကောင် ၁၅၀၀၊ ငါးတန် အကောင် ၈၀၀၊ ငါးမုတ် အကောင် ၅၀၀၊ မြက်စားငါးကြင်း အကောင် ၂၀၀ တို့ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၅ ရက်မှ စတင်မွေးမြူခဲ့ရာ ယခုကန်ဖော်သည့် အချိန်တွင် ငါးတစ်ကောင်လျှင် ပျမ်းမျှ တစ်ပိဿာခန့်ရှိပြီး ယနေ့ ဖော်ယူရရှိမှုအနေဖြင့် ၂၂၅၀ ပိဿာ ဖော်ယူရရှိခဲ့ရာ ဈေးနှုန်းသက်သာစွာဖြင့် တပ်ဖွဲ့ဝင်များနှင့် မိသားစု များအား ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ စိုက်ပျိုးမွေးမြူရေး ခြံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် အမှတ်(၃) စိုက်ပျိုးမွေးမြူရေး စခန်းသို့ သွားရောက်၍ သားဖောက်ရန် မျိုးရင်းဝက်မွေးမြူထားရှိမှု အခြေအနေ၊ ကာကီကင်းဘဲ ၁၀၀၀ မွေးမြူထားရှိသည့် အခြေအနေနှင့် ငါးကန် ၁၆ ကန်တွင် ငါးများ မွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဟင်းသီး၊ ဟင်းရွက်များ၊ မှိုနှင့်ကြက်ဥများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်ရှိ ငါးကန်အမှတ် (၁) မှ ငါးများဖော်ယူနေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၅ ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တတိယနေ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၂၉

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ တတိယနေ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် ဗိုလ်မှူးကြီး ဝဏ္ဏအောင်၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသည့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)မှ နာယက ဖြားတန်ခွန်ဥက္ကာ၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ(ALP)မှ ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)မှ စစ်ဦးစီးချုပ် စောစတီး၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)မှ ဒုတိယဥက္ကဋ္ဌ ကျာဖူးနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



တွေ့ဆုံဆွေးနွေးပွဲတွင် ၃ ရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောထားများကို ထပ်မံဆွေးနွေးကြပြီး အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကာ အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုယ်စား ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) နာယက ဖြားတန်ခွန်ဥက္ကာနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကား ပြောကြားကြပြီး နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပေးအပ်သည့် SANDISOLAR MONO 18V 5W မီးအိမ်များကို လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လာအို-မြန်မာ-ထိုင်း သုံးနိုင်ငံအကြား မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ပရီကာဆာဓာတုပစ္စည်းများ ထိန်းချုပ်ရေးနှင့် တားဆီးနှိမ်နင်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၉

လာအို-မြန်မာ-ထိုင်း သုံးနိုင်ငံအကြား မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် (Precursor) ပရီကာဆာဓာတုပစ္စည်းများ ရွှေတြိဂံဒေသသို့ မဝင်ရောက်စေရေးအတွက် ထိန်းချုပ်ရေးနှင့် တားဆီးနှိမ်နင်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေးကို ဒီဇင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ထိုင်းနိုင်ငံ ပတ္တရားမြို့ရှိ The Heritage Pattaya Beach Resort ၌ ကျင်းပခဲ့သည်။

အစည်းအဝေးသို့ လာအိုအမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် ကြီးကြပ်ရေးကော်မရှင် (LCDC) အတွင်းရေးမှူးချုပ် Mr. Inpong Chanthavongsa ဦးဆောင်သည့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်များနှင့် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB) အထွေထွေအတွင်းရေးမှူးချုပ် Mr. Wichai Chaimongkon ဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။



အစည်းအဝေးတွင် ထိုင်းနိုင်ငံ ONCB ၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Wichai Chai-mongkon က ရွှေတြိဂံဒေသအတွင်း မူးယစ်ဆေးဝါး ထုတ်လုပ်မှုနယ်ပယ်များသို့ ဓာတုပစ္စည်းများ ဝင်ရောက်ခြင်းမှ ကာကွယ်ရန်အတွက် ဘေးကင်းလုံခြုံသော မဲခေါင်စစ်ဆင်ရေးစီမံချက်(၂၀၁၉-၂၀၂၂) အရ ဆောင်ရွက်သည့် အစည်းအဝေးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ နိုင်ငံအလိုက် ပရီကာဆာဓာတုပစ္စည်းများ ပူးပေါင်းထိန်းချုပ်ရေးနှင့် တားဆီးနှိမ်နင်းရေး ဆောင်ရွက်သည့်အခြေအနေနှင့် ရှေ့ဆက်တားဆီးဆောင်ရွက်မည့်ကိစ္စရပ်များ၊ ထိုင်းနိုင်ငံအနေဖြင့် Sodium Cyanide၊ Benzyl Cyanide နှင့် Benzyl Chloride သုံးမျိုးကို ယခုနှစ်အတွင်း ထိန်းချုပ်ထားပြီး Hydroxylimine ကို ထပ်မံထိန်းချုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် ပိုမိုကောင်းမွန်သော တားဆီးနှိမ်နင်းရေးနည်းလမ်းများဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံ မူးယစ်တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က ဆွေးနွေးရာတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို လာအို-မြန်မာ-ထိုင်း သုံးနိုင်ငံတို့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုကြောင့် အောင်မြင်မှုများစွာရရှိခဲ့သော်လည်း ရွှေတြိဂံဒေသအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင် ရောင်းဝယ်မှုများ လျော့ကျသွားခြင်းမရှိသည်ကို ဖမ်းဆီးမှုဖြစ်စဉ်များအရ တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ တရားမဝင်ဝင်ရောက်မှုမရှိစေရေး အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် အမြဲအသင့်ရှိကြောင်း၊ လူလုပ်မူးယစ်ဆေးဝါးထုတ်လုပ်မှု တားဆီးရေးအတွက် ဓာတုပစ္စည်းများကို သက်ဆိုင်ရာနိုင်ငံအလိုက် တားဆီးထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်မှုမှာ များစွာအရေးပါသဖြင့် သုံးနိုင်ငံအကြား ယခုကဲ့သို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုသည် မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများကို ထိထိရောက်ရောက် တားဆီးနိုင်မည်ဖြစ်ပါကြောင်း၊ ရွှေတြိဂံဒေသရှိ နိုင်ငံများအနေဖြင့် ပရီကာဆာဓာတုပစ္စည်းများ ဖမ်းဆီးရမိမှုသည် မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုနှင့် နှိုင်းယှဉ်ပါက လွန်စွာနည်းပါးနေခြင်းကြောင့် ပရီကာဆာဓာတုပစ္စည်းများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု မရှိစေရေးအတွက် လာအို-မြန်မာ-ထိုင်း သုံးနိုင်ငံအကြား ယခုထက်ပိုမိုပူးပေါင်းထိန်းချုပ်ရေး၊ ဖမ်းဆီးရမိမှုများအား အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ်ရန် အဆင့်လိုက် Contact Person များ ထားရှိရေး၊ မြန်မာနိုင်ငံမှ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ စွမ်းရည်မြှင့်တင်ရေးအတွက် ထိုင်းနိုင်ငံတွင် ဖွင့်လှစ်သင်ကြားမည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ အထူးလုပ်ငန်းတာဝန်အဖွဲ့ Eagle 19 သင်တန်းသည်လည်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအတွက် အထောက်အကူများစွာရရှိမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

လာအိုအမျိုးသား မူးယစ်ဆေးဝါး ထိန်းချုပ်ရေးနှင့် ကြီးကြပ်ရေးကော်မရှင်(LCDC)၏ ညွှန်ကြားရေးမှူးချုပ် Mr. Inpong Chanthavongsa က မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများမှာ လာအို-မြန်မာ-ထိုင်း သုံးနိုင်ငံကြားသာမက အခြားကမ္ဘာ့နိုင်ငံများ၏ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးများကို ထိခိုက်စေပါကြောင်း၊ လာအိုနိုင်ငံအနေဖြင့် ဘေးကင်းလုံခြုံသော မဲခေါင်ပူးပေါင်းဆောင်ရွက်ရေးစင်တာ (SMCC)မှ ပရီကာဆာ ဓာတုပစ္စည်းများ ထိန်းချုပ်ရေးလုပ်ငန်းများကို အလေးအနက်ထား ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးသည်။

အဆိုပါ အစည်းအဝေး၌ စိတ်ကြွဆေးပြားထုတ်လုပ်ရာတွင် မရှိမဖြစ်လိုအပ်သည့် ကဖင်းကို လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့မှ ထိန်းချုပ်ထားရှိပြီးဖြစ်၍ ဒေသတွင်း မဲခေါင် MoU အဖွဲ့ဝင်နိုင်ငံများအတွင်း ထိန်းချုပ်နိုင်ရေးဆွေးနွေးသွားရန်၊ နိုင်ငံအလိုက် ဖမ်းဆီးရမိ ပရီကာဆာဓာတုပစ္စည်းများအား နှစ်စဉ်ဖျက်ဆီးရာတွင် ပြည်သူလူထု၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် UNODC အပါအဝင် ကမ္ဘာ့မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာအဖွဲ့အစည်းများထံမှ နည်းပညာ၊ ရန်ပုံငွေနှင့် ဆက်စပ်ပစ္စည်းကိရိယာအထောက်အပံ့ရရှိရေး ကုလသမဂ္ဂ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကော်မရှင်(CND)သို့ UNODC မှ တင်ပြနိုင်ရေးအတွက် လိုအပ်သည့် အချက်အလက်များကို ထိုင်းနိုင်ငံမှ ဦးဆောင်စုစည်းဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါးဂိုဏ်းဖွဲ့ကျူးလွန်သူများသည် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် စက်ပစ္စည်းကိရိယာများကို နည်းလမ်းမျိုးစုံ သယ်ဆောင်လျက်ရှိသဖြင့် စက်ပစ္စည်းကိရိယာများ ဖမ်းဆီးရမိပါက အစိတ်အပိုင်းအလိုက် မှတ်တမ်းဓာတ်ပုံများအား သတင်းဖလှယ်မျှဝေသွားရေး၊ လာအိုနှင့် မြန်မာနိုင်ငံတို့မှ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များကို သက်သေခံပစ္စည်းများ ကိုင်တွယ်ထိန်းသိမ်းရာတွင် စနစ်တကျရှိစေရေးနှင့် အန္တရာယ်ကင်းရှင်းစေရေးအတွက် ထိုင်းနိုင်ငံ ONCB မှ သင်တန်းပို့ချပေးရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ယခုအစည်းအဝေး ကျင်းပခြင်းကြောင့် အနာဂတ်တွင် လာအို-မြန်မာ-ထိုင်း သုံးနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရွှေတြိဂံဒေသအတွင်း မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှု လျော့ကျသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဖျာပုံ-ကျုံကဒွန်း-ဒေါ်ညိမ်း-အမာလမ်းပေါ်ရှိ ဒေးဒလူတံတားဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၉

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဖျာပုံ-ကျုံကဒွန်း-ဒေါ်ညိမ်း-အမာလမ်းပေါ်ရှိ ဒေးဒလူတံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါတံတားအနီး မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် တာဝန်ရှိသူများ၊ ဒေသခံရပ်မိရပ်ဖများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ ဒေးဒလူတံတားပေါ်သို့ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြစဉ်။

**ချစ်ကြည်ရင်းနှီးမှုများ ပိုမိုရရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်က နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် လူတန်းစေ့နေနိုင်ရန် အခြေခံအဆောက်အအုံဖြစ်သော ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် ပါဝင်သည့် လေကြောင်း၊ ရေကြောင်းနှင့် ကုန်းကြောင်းလမ်း၊ တံတားများ ကောင်းမွန်ရေးနှင့် လျှပ်စစ်မီးရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လုံခြုံချောမွေ့မှသာ တိုင်းရင်းသားပြည်သူများ အပြန်အလှန် ကူးလူးဆက်သွယ်သွားလာနိုင်ပြီး ချစ်ကြည်ရင်းနှီးမှုများ ပိုမိုရရှိစေမည်ဖြစ်ကြောင်း။

ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသည့် လိုအပ်ချက်များထဲမှ လမ်းပန်းဆက်သွယ်ရေး လွယ်ကူလျင်မြန်ခြင်းသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍဖြစ်သည့်အတွက် မြို့ပြဒေသများသာမက ဝေးလံခေါင်းပါးသည့်ဒေသများ ပါမကျန် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ပြည်သူ့ဘဏ္ဍာငွေများ သုံးစွဲရာတွင် လေလွင့်မှုမရှိစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် အရည်အသွေးကောင်းမွန်ရေး၊ ဒေသအတွက် အကျိုးဖြစ်ထွန်းမှု ရှိ/မရှိ ထောက်ပြဝေဖန်ပေးကြပါရန်နှင့် တည့်မတ်ပေးရန် တာဝန်ရှိသူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

ဧရာဝတီတိုင်းဒေသကြီးသည် ဧရာဝတီမြစ်၏ မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည်နှင့်အညီ မြန်မာပြည်၏ ဆန်စပါး အဓိကထွက်ရှိရာဒေသကြီးလည်း ဖြစ်ကြောင်း၊ မြေဆီသြဇာကြွယ်ဝသော မြေနုကျွန်းများဖြစ်သည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး ရေထွက်ပစ္စည်းလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေချိုငါးဖမ်းလုပ်ငန်း၊ ပင်လယ်ငါးဖမ်းလုပ်ငန်း၊ ဆားလုပ်ငန်း၊ သင်ဖြူးဖျာလုပ်ငန်းနှင့် နိုင်ငံခြားသို့သည်များ စိတ်ပါဝင်စားသည့် ပုသိမ်ထီးလုပ်ငန်းများ တည်ရှိသော တိုင်းဒေသကြီးဖြစ်ကြောင်း၊ ယခင်လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ရေကြောင်းလမ်းကိုသာ အဓိကအားထားခဲ့ရသော်လည်း ယခုအခါ တိုင်းဒေသကြီး၏ ဒေသအသီးသီးသို့ ကုန်းလမ်းခရီးဖြင့် အချိန်တိုအတွင်း လွယ်လင့်တကူ သွားလာနိုင်ရန်အတွက် လမ်းများဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် တံတားများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ယနေ့ဖွင့်လှစ်လိုက်သည့် ဒေးဒလူတံတားသစ်ကြီးသည် ယခင်က တည်ဆောက်ထားပြီး ခံနိုင်ဝန် ငါးတန်သာရှိသည့် ပေ ၄၀၀ အရှည်ရှိ တစ်လမ်းမောင်း ဘေလီတံတားအစား ယာဉ်တစ်စီးချင်း ခံနိုင်ဝန်တန် ၆၀ ရှိသည့် သံကူကွန်ကရစ်တံတားသစ်ကြီးအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုတည်ဆောက်ပြီးစီးခဲ့သည့် ဒေးဒလူတံတားသည် အရှည်ပေ ၈၇၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေ သံကူကွန်ကရစ်တံတားဖြစ်ကြောင်း၊ စုစုပေါင်း ငွေကျပ်သန်း ၄၂၈၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေးဒလူတံတားကြီးကို ဖွင့်လှစ်လိုက်သည့်အတွက် အမာမြို့နယ်မှ ဖျာပုံမြို့နယ်နှင့် ပုသိမ်မြို့များကို အလွယ်တကူ ဆက်သွယ်သွားလာနိုင်ပြီး အဆိုပါဒေသထွက်ကုန်များကို ရန်ကုန်မြို့သို့ ပို့ဆောင်၍ ပြည်ပနိုင်ငံများအထိ တင်ပို့ရောင်းချသွားနိုင်မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဤတံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေက ဒေးဒလူတံတား တည်ဆောက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေးဒလူတံတားကြီး တည်ဆောက်မှုနှင့်ပတ်သက်၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တံတားဖွင့်ပွဲအခမ်းအနား အပိုင်း(၂) အစီအစဉ်အရ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးတင်ဇော်ထွန်းတို့က တံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဒေးဒလူတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဧည့်သည်တော်များက ဒေးဒလူတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး တံတားပေါ်သို့ ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေး (၁/၂၀၂၂) ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၉

အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ (၁/၂၀၂၂) အစည်းအဝေးကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဝင်များဖြစ်ကြသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စက်မှုဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့အနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေနှင့်အညီ ရန်ပုံငွေတစ်ရပ် တည်ထောင်နိုင်ရေး ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး ရန်ပုံငွေကို ဥပဒေနှင့်အညီ နိုင်ငံတော်၏ထောက်ပံ့ငွေ၊ ပြည်တွင်းပြည်ပငွေကြေးအဖွဲ့အစည်းများမှ အကူအညီရရှိငွေ၊ အလှူရှင်များက လှူဒါန်းငွေ၊ မိမိဝန်ဆောင်မှုလုပ်ငန်းများမှ ဝန်ဆောင်ခရရှိငွေတို့နှင့် ထူထောင်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါရန်ပုံငွေ ထူထောင်နိုင်ရန် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေမှ ထောက်ပံ့ငွေအဖြစ် ငွေကျပ် ဘီလီယံ ၁၇၀ ကို လျာထားခွင့်ပြုခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်လည်း ရရှိပြီးဖြစ်၍ ရန်ပုံငွေသို့ထည့်ဝင်ရန် အဆင်သင့်ရှိနေပြီဖြစ်ပါကြောင်း၊ ရန်ပုံငွေအား အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အတိုးနှုန်းသက်သာသည့်ချေးငွေများ ထုတ်ချေးရေးအတွက် ဦးစားပေးသုံးစွဲမည်ဖြစ်ပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသုံးစရိတ်များကိုလည်း သုံးစွဲနိုင်ပါကြောင်း အစည်းအဝေးသို့ တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဝင်များအနေဖြင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် SME ဥပဒေပုဒ်မ ၂၀ ပါ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အခြေခံ၍ ပြင်ဆင်ထားရှိရန် လိုအပ်ချက်များ၊ ပူးပေါင်းဆောင်ရွက်ကြရမည့်ကိစ္စများ၊ ရှေ့ဆက်ဆောင်ရွက်ကြမည့် လုပ်ငန်းစဉ်များအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အထောက်အကူပြုလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်မည့် အစီအစဉ် (မူကြမ်း)နှင့် ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီသို့ တင်ပြလာသည့် ရန်ပုံငွေဆိုင်ရာ အဆိုပြုအမှာစာ ခြောက်စောင်တို့ကို အတည်ပြုနိုင်ရေးအတွက် ရှင်းလင်းတင်ပြမှုအပေါ် အစည်းအဝေးတက်ရောက်သူများက ဝိုင်းဝန်းဆွေးနွေးဆုံးဖြတ်ကြသည်။

MSME ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ကို SME ဥပဒေနှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ ဖွဲ့စည်းပေးထားခြင်းဖြစ်ပြီး SME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့တို့နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ မြစ်သားမြို့နယ် တောင်တော်ကွင်း ၂၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ တက်ရောက်



**နေပြည်တော် ဒီဇင်ဘာ ၂၉**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ရှိ တောင်တော်ကွင်း ၂၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် တေစိုးကျေးရွာအနီးရှိ အဆိုပါ ဓာတ်အားပေးစက်ရုံ၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က တောင်တော်ကွင်း ၂၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က တောင်တော်ကွင်း ၂၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်း တည်ဆောက်ရခြင်း၏ အကျိုးကျေးဇူးများကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုက စက်ရုံ တည်ဆောက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဓာတ်အားပေးစက်ရုံ တည်ဆောက်ခဲ့မှု မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။

ယင်းနောက် Green Power Energy Co.,Ltd မှ တာဝန်ရှိသူက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုနှင့် Green Power Energy Co.,Ltd မှ တာဝန်ရှိသူတို့က တောင်တော်ကွင်း ၂၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် Jeng Phang နော်တောင်နှင့် ဦးစိုင်းလုံးဆိုင်တို့က တောင်တော်ကွင်း ၂၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံကမွည်း ကျောက်စာမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်တော်ကွင်း ၂၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်း နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပြီး နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်၍ ပို့လွှတ်ဖြန့်ဖြူးပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယခု တောင်တော်ကွင်း ၂၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ စက်တပ်ဆင်အင်အားမှာ ၂၀ မဂ္ဂါဝပ်ဖြစ်ကာ မြန်မာနိုင်ငံတွင် တတိယမြောက် အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် စီမံကိန်းတစ်ခုဖြစ်ပြီး အဆိုပါ စီမံကိန်းမှ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၄၅ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်၍ အိမ်ထောင်စုပေါင်း ၂၁၀၀၀ ခန့်ကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူး ပေးနိုင်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် နိုင်ငံတော်အတွင်း ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအထိ တစ်နိုင်ငံလုံးရှိ မြို့ပေါင်း ၅၀၈ မြို့၊ ကျေးရွာပေါင်း ၄၀၆၉၃ ရွာ လျှပ်စစ်ဓာတ်အားရရှိခဲ့ပြီး အိမ်ထောင်စုပေါင်း ၆၉၅၆၂၉၅ စုကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်၍ မြန်မာတစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အားရရှိမှုအချိုးအနေဖြင့် နိုင်ငံ့လူဦးရေ၏ ၆၄ ရာခိုင်နှုန်းကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ၁၀၀ ရာခိုင်နှုန်းပြည့် လျှပ်စစ်မီးရရှိအောင် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ သုတေသနစာတမ်းများဖတ်ပွဲနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဂျာနယ် အမှတ် (၅) ထုတ်ဝေခြင်းအခမ်းအနားကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၉**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ (၁၆) ကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် သုတေသနအရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အဆိုပါသုတေသနစာတမ်းဖတ်ပွဲတွင် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကြည်ကြည်ခင်က "အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ရူပါဦးနှင့် ဒုတိယဦးစီးမှူး ဒေါ်လှဆန်းဝင်းတို့က "မော်ဒိုက်သမ္မတနိုင်ငံ တရားလွှတ်တော်ချုပ်က ဆုံးဖြတ်ခဲ့သည့်အမှုအား လေ့လာတင်ပြခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း ဖတ်ကြားကြပြီး တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။

**ထုတ်ဝေခဲ့**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးအနေဖြင့် သုတေသနစာတမ်းဖတ်ပွဲများ ပြုလုပ်ခဲ့ပြီး သုတေသနပြုလေ့လာ၍ ရရှိလာသော သုတေသနစာတမ်းများကို အများပြည်သူသိရှိစေရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားစေရန်ရည်ရွယ်၍ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊ ခုံရုံး၊ ကောင်စီနှင့် ရုံးများအကြောင်း အတွဲ (၁) မှ အတွဲ (၃) အထိလည်းကောင်း၊ ကမ္ဘာ့နိုင်ငံများ၏ဖွဲ့စည်းပုံအခြေခံဥပဒေအဘိဓာန်အား အတွဲ (၁) မှ အတွဲ (၃) အထိလည်းကောင်း ထုတ်ဝေခဲ့ပြီးဖြစ်သည်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ သုတစာအုပ်များအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ ဂျာနယ်များအားထုတ်ဝေခဲ့ရာ ဂျာနယ်အမှတ် (၁) မှ (၄) အထိထုတ်ဝေခဲ့ပြီး ယနေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဂျာနယ် အမှတ် (၅) ကို စတင်ထုတ်ဝေဖြန့်ချိသည်။ အဆိုပါ ဂျာနယ်အမှတ်(၅)တွင် **"ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊ ခုံရုံးများအကြောင်း" "စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေ" "Judicial Review ခေါ် တရားစီရင်ရေး ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် Constitutional Review ခေါ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြန်လည်သုံးသပ်ခြင်းတို့ကို လေ့လာတင်ပြခြင်း"** နှင့် **"လွတ်လပ်သော အခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း"** ဆောင်းပါးများအပါအဝင် မြန်မာဘာသာဖြင့် ဆောင်းပါး ရှစ်ပုဒ်၊ အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးလေးပုဒ်ပါဝင်ပြီး စာမျက်နှာအရေအတွက်မှာ ၂၃၉ ဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးမှ ထုတ်ဝေသောစာအုပ်များကို ဝယ်ယူဖတ်ရှုလိုပါက လုပ်ထုံးနှင့်သုတေသနဌာန ဖုန်း ၀၆၇-၃၄၃၀၂၄၃၊ ၀၆၇-၃၄၃၀၂၆၄ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြင်းစီးအားကစား ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၉။** ။(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မြင်းစီးအားကစားပြိုင်ပွဲကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂ ရက်မှ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံတကာပြိုင်ပွဲနှင့် ရိုးရာပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစားနှစ်မျိုး ကျင်းပသွားမည်ဖြစ်သည်။

ထိုသို့ကျင်းပရာတွင် နိုင်ငံတကာပြိုင်ပွဲတွင် Show Jumping(1 Meter) ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ရိုးရာပြိုင်ပွဲတွင် ဒုန်းမြင်းစီးပြိုင်ပွဲကို အငယ်တန်း(အမြင့် ၄ ပေ ၁၀ လက်မအောက်)၊ အလတ်တန်း(အမြင့် ၄ ပေ ၁၀ လက်မမှ ၅ ပေအထိ)၊ အကြီးတန်း (အမြင့် ၅ ပေမှ ၅ ပေ ၂ လက်မအထိ)၊ အထူးတန်း(အမြင့် ၅ ပေ ၂ လက်မအထက်) ဟူ၍ အတန်းလေးတန်းဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောက်ခွင့်ရရှိသည့် အားကစားသမားများနှင့် မြင်းများအနေဖြင့် ဒီဇင်ဘာ ၂၂ ရက်မှ ၃၀ ရက်အတွင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် အားကစားကွင်း၌ ရောက်ရှိနေရာယူရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်မြင်းများအတွက် မြင်းထားရှိရန် မြင်းဇောင်းများ၊ ရေ၊ မီးများ စီစဉ်ပေးထားမည်ဖြစ်ကာ မြင်းစာများဝယ်ယူနိုင်ရန်အတွက်လည်း စီစဉ်ပေးထားကြောင်း မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ သိရသည်။ **လင်းရာမ**

# လူငယ်နှင့် စာပေအနုပညာပြပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ် ချီးမြှင့်ခံရသူများ တက်ရောက်ကြည့်ရှုအားပေး






**နေပြည်တော် ဒီဇင်ဘာ ၂၉**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ နောက်ဆုံးနေ့အဖြစ် ယနေ့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC II) ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

### ကြိုဆိုနှုတ်ဆက်

မွန်းလွဲပိုင်းတွင် လူငယ်နှင့် စာပေအနုပညာပြပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ လာရောက်ကြည့်ရှုလေ့လာရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး ဒေါ်ခင်ဆွေဝင်းတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား လူငယ်နှင့် စာပေအနုပညာပြပွဲတွင် ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ၏ ပထမဆုံး 3D ရုပ်ရှင်ဇာတ်ကားကြီးဖြစ်သည့် ကြီးမြတ်သောမြန်မာ မှတ်တမ်းရသရုပ်ရှင်ဇာတ်ကားကြီး အောင်မြင်စွာ ရိုက်ကူးနိုင်ရေးအတွက် အသုံးပြုခဲ့သည့် ရိုက်ကူးရေးသုံး နည်းပညာပစ္စည်းများ၊ ရိုက်ကွင်းကြိုတင်ပြင်ဆင်မှုများနှင့် ရိုက်ကွင်း ပုံရိပ်များကို လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များဖြစ်ကြသော ဦးခက်ထိန်နန်၊ ဒေါက်တာဝုန်ဆွန်းထန်၊ ဦးစောမြင့်ဦး၊ ဦးမျိုးဆွေဝင်း၊ ဦးတင့်လွင်၊ ဦးမြတ်ကျော်၊ ဦးဇော်လင်းထွန်း၊ ဒေါက်တာ အောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ချီးမြှင့်ခံရသူများနှင့် မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဧည့်ပရိသတ်များက ပြပွဲဖျော်ဖြေရေးအစီအစဉ်ကို ကြည့်ရှုအားပေးရာ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ပြည်ထောင်စုကြီးထာဝရတည်တံ့စေသား" သီချင်းဖြင့်လည်းကောင်း၊ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "သွေးရင်းများပီပီ" သီချင်းဖြင့် လည်းကောင်း၊ အမှတ် (၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ပြည်မြန်မာ" သီချင်းဖြင့်လည်းကောင်း၊ အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ပြည်ထောင်စုအင်အား" သီချင်းဖြင့်လည်းကောင်း၊ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ထာဝရငြိမ်းချမ်းရေး" သီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ရာ တက်ရောက်လာကြသူများက တစ်ခဲနက်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံကျော်ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ဒိန်းဒေါင်က ကျောင်းသား ကျောင်းသူများနှင့်အတူ "စိန်ရတုမှသည် ကမ္ဘာတည်သရွေ့" သီချင်းနှင့် ဗိုလ်အောင်ဒင် သီချင်းတို့ဖြင့် လည်းကောင်း၊ နိုင်ငံကျော်ဟာသသရုပ်ဆောင် ချစ်စုနှင့် ပန်းသော်တာတို့က "အထွတ်အမြတ်တွေးတဲ့လွတ်လပ်ရေး" သီချင်းဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးက "ငြိမ်းချမ်းပါပြီ မြန်မာပြည်" သီချင်းဖြင့် လည်းကောင်း ဂုဏ်ပြုဖျော်ဖြေတင်ဆက်ရာ ဧည့်ပရိသတ်များက ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။

ထို့နောက် ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲတွင် ကပြဖျော်ဖြေ တင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် အနုပညာရှင်များကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကြီးမြတ်သောမြန်မာ မှတ်တမ်းရုပ်ရှင်အား ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်ချီးမြှင့်ခြင်းခံရသူများနှင့် မိသားစုဝင်များ၊ ကျောင်းသားကျောင်းသူများ၊ ဧည့်ပရိသတ်များက စိတ်ဝင်စားစွာ ကြည့်ရှုအားပေးခဲ့ကြသည်။

**သတင်းစဉ်**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး(အလွတ်တန်းဖိတ်ခေါ်) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးနှင့် မြန်မာ့ပိုက်ကျော်ခြင်း အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေပြီး မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးတို့ကို ရည်ရွယ်၍ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပသည်။

### ပိုက်ကျော်ခြင်းအားကစားနည်း

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပိုက်ကျော်ခြင်းအားကစားနည်းသည် ခြင်းလုံးနှင့်ပိုက်ရှိလျှင် အလွယ်တကူကစားနိုင်သည့် အားကစားနည်းဖြစ်သောကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထုတစ်ရပ်လုံးက စိတ်ပါဝင်စားစွာ ကစားကြသည့် အားကစားနည်းတစ်ခုဖြစ်ပြီး အာရှနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော နိုင်ငံ့ဂုဏ်ဆောင်ပေးနိုင်ခဲ့သည့် အားကစားနည်းလည်းဖြစ်ပါကြောင်း၊ ပိုက်ကျော်ခြင်းအားကစားနည်းဖြင့် အာရှနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၂၀၊ ငွေတံဆိပ် ၂၃ ခုနှင့် ကြေးတံဆိပ် ၃၂ ခု စုစုပေါင်း ဆုတံဆိပ် ၇၅ ခုရရှိခဲ့ပြီး (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်လည်း ရွှေတံဆိပ် တစ်ခု၊ ကြေးတံဆိပ်သုံးခု ရယူပေးနိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်၏ **"တန်ဖိုးနည်းဝန်ပါ သင်ကျန်းမာဖို့ ပိုက်ကျော်ခြင်း ကစားကြစို့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကျန်းမာရေးအတွက်ဖြစ်စေ၊ အားကစားအတွက်ဖြစ်စေ လေ့ကျင့်ယှဉ်ပြိုင်ကစားနိုင်သော အားကစားနည်းလည်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများက အာရှအဆင့်နှင့် အရှေ့တောင်အာရှအဆင့် အားကစားပြိုင်ပွဲများတွင်လည်း ဆက်လက်ပြီး အောင်မြင်မှုများ ရရှိစေရန်အတွက် ဆတက်ထမ်းပိုး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ပြိုင်ပွဲဝင်များ အနေဖြင့် မိမိတို့ ကိုယ်စားပြု ယှဉ်ပြိုင်သည့်အသင်း အောင်နိုင်ရေးအတွက် မိမိတို့၏ အားကစားစွမ်းရည်များကို ဖော်ထုတ်ပြသ၍ အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် အနိုင်မခံ အရှုံးမပေးဘဲ အကောင်းဆုံးပါဝင်ယှဉ်ပြိုင်ပြီး ယခုပြိုင်ပွဲမှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် ထူးချွန်ထက်မြက်သော အားကစားသမားကောင်းများ ဖြစ်လာစေရန် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားခဲ့ပြီး (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက နိုင်ငံတော်သီချင်းသီဆိုခြင်းနှင့် အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုခြင်းတို့ကို ဆောင်ရွက်ကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမနေ့ပွဲစဉ်အဖြစ် တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့ကြပြီး ပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့ပြိုင်ပွဲရုံ၌ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် (အမျိုးသား) အသင်း ၁၅ သင်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သာစည်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် သာစည်မြို့နယ် ကြက်မောက်ကျေးရွာသို့ ရောက်ရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ရဲဘော်(၂)ဆည်နှင့် ပျူတွင်းဆည် ပြုပြင်တူးဖော်ခြင်းနှင့် ရေပေးမြောင်း တူးဖော်ခြင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာနေ တောင်သူများ အနေဖြင့် ဆည်ရေနှင့်စိုက်ပျိုးနိုင်သည့် စိုက်ပျိုးမြေများတွင် အမှန်တကယ် စိုက်ပျိုးကြစေလိုကြောင်း၊ ကျေးရွာသမဝါယမအသင်းအဖွဲ့များစုဖွဲ့၍ ဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့ကလည်း လိုအပ်သည်များ၊ နည်းပညာများ ကူညီဆောင်ရွက်ပေးရန်လိုအပ်ကြောင်း မှာကြားသည်။

အဆိုပါ ဆည်များနှင့် ရေပေးမြောင်းများ တူးဖော်နိုင်ခြင်းကြောင့် ကြက်မောက်ကျေးရွာအပါအဝင် ကျေးရွာငါးရွာရှိ တောင်သူများ၏ လယ်မြေဧက ၂၀၀၊ ယာမြေဧက ၅၀၀ စုစုပေါင်း စိုက်ပျိုးမြေဧက ၇၀၀ အကျိုးပြုနိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကြက်မောက်ကျေးရွာ အသင်းသား ၁၇၀ ဖြင့် ဖွဲ့စည်းထားသော အေးမြသာယာလယ်ယာနှင့် အထွေထွေစီးပွားသမဝါယမအသင်း လီမိတက်၏ အေးမြသာယာ ကုန်ပဒေသာအရောင်းဆိုင်သို့လည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် သင်တန်းတက်ရောက်ခဲ့သည့် သင်တန်းသူများ တစ်နိုင်တစ်ပိုင် စက်ချုပ်လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး သမဝါယမအသင်းသစ်များ ဖွဲ့စည်း၍ ကန်ထရိုက်လယ်ယာစနစ် ဆောင်ရွက်ရန်နှင့် သင်တန်းသူများအား အထည်ချုပ်စက်ရုံများနှင့် ဆက်လက်ချိတ်ဆက် ဆောင်ရွက်ပေးရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြက်မောက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၃၀၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် သိန်း ၁၀၀ တို့ဖြင့် ဆိတ်မွေးမြူရေးအသင်းဝင် ၂၀ ဖြင့် ဖွဲ့စည်းထားသည့် ဆိတ်မွေးမြူရေးအစုအဖွဲ့နှစ်ဖွဲ့၏ ဆိတ်အကောင်ရေ ၁၅၀ မွေးမြူထားရှိမှုကိုလည်းကောင်း၊ အသင်းဝင် ၃၀ ဖြင့် ဖွဲ့စည်းထားသည့် နွားမွေးမြူရေး အစုအဖွဲ့နှစ်ဖွဲ့၏ နွားအကောင်ရေ ၃၀ မွေးမြူထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မွေးမြူထားသည့် ဆိတ်နှင့်နွားများ တိရစ္ဆာန်ရောဂါများ မဖြစ်ပွားစေရေး အမြဲမပြတ်စောင့်ကြည့်ကြရန်၊ ရောဂါများကြိုတင်ကာကွယ်နိုင်ရေး လိုအပ်သည့် ကာကွယ်ဆေးများ ထိုးနှံထားရန်နှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သာစည်မြို့နယ် သပြေဝ ပင်မဓာတ်အားခွဲရုံမှ တောင်ငူဓာတ်အားခွဲရုံသို့ ဓာတ်အားချိတ်ဆက်ပို့လွှတ်ဖြန့်ဖြူး



**နေပြည်တော် ဒီဇင်ဘာ ၂၉**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုတို့သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန သပြေဝ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရအောင်ဘိုက ၅၀၀ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဓာတ်အားထိန်းချုပ်ခန်းအတွင်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သပြေဝ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံမှ တောင်ငူ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံသို့ ၅၀၀ ကေဗွီ ကံကောင်း (မိတ္ထီလာ)-စပါးကြွယ်(တောင်ငူ) ဓာတ်အားလိုင်းဖြင့် ဓာတ်အားချိတ်ဆက်ပို့လွှတ်ပေးရန်အတွက် ပြည်ထောင်စုဝန်ကြီးက Control Panel ကို စက်ခလုတ်နှိပ်၍ စတင်ပို့လွှတ်ပေးပြီး ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ၅၀၀ ကေဗွီ ကံကောင်း (မိတ္ထီလာ)-စပါးကြွယ်(တောင်ငူ) ဓာတ်အားလိုင်း တည်ဆောက်ရခြင်းသည် လက်ရှိအခြေအနေတွင် ရွှေလီနှင့် ရဲရွာရေအားလျှပ်စစ်စက်ရုံများမှ ထွက်ရှိသော လျှပ်စစ်ဓာတ်အားများကို ၂၃၀ကေဗွီ ဘဲလင်း-သပြေဝ ဓာတ်အားလိုင်းဖြင့် ၂၃၀ကေဗွီ သပြေဝခွဲရုံမှ တစ်ဆင့် ဓာတ်အားပို့လွှတ်ရာတွင် ၂၃၀ ကေဗွီ သပြေဝ-တောင်တွင်းကြီး ဓာတ်အားလိုင်းနှင့် ၂၃၀ ကေဗွီ သပြေဝ-သာစည်-ရွှေမြို့-ပျဉ်းမနား-သဲဖြူ-တောင်ငူ ဓာတ်အားလိုင်းတို့တွင် ဝန်အားစီးဆင်းမှုအကန့်အသတ်ရှိသဖြင့် System Break Down မဖြစ်စေရေး ဓာတ်အားစနစ်အတွင်း ဝန်အားစီးဆင်းမှုကို ထိန်းညှိ၍ ပို့လွှတ်ခဲ့ရသည်။

ယခုအခါ သပြေဝ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံမှ တောင်ငူ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံသို့ ၅၀၀ ကေဗွီ ကံကောင်း(မိတ္ထီလာ)-စပါးကြွယ်(တောင်ငူ) ဓာတ်အားလိုင်းဖြင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ခြင်းဖြင့် ရန်ကုန်မြို့နှင့်တကွ မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျော့နည်းသက်သာပြီး ဗို့အားပြည့်ဝတည်ငြိမ်စွာဖြင့် ပို့လွှတ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

ယခုအခါတွင် ၂၃၀ကေဗွီ သပြေဝ(မိတ္ထီလာ)မှ ၅၀၀ကေဗွီ ကံကောင်း(မိတ္ထီလာ) ဓာတ်အားခွဲရုံသို့ ၂၃၀ကေဗွီ ဓာတ်အားလိုင်း ၁၄ မိုင် တည်ဆောက်ခြင်း၊ ၅၀၀ကေဗွီ ကံကောင်း(မိတ္ထီလာ)-စပါးကြွယ်(တောင်ငူ) ဓာတ်အားလိုင်း ၁၄၆ မိုင် တည်ဆောက်ခြင်းနှင့် ၅၀၀ကေဗွီ စပါးကြွယ်(တောင်ငူ) ဓာတ်အားခွဲရုံမှ ၂၃၀ကေဗွီ တောင်ငူခွဲရုံအထိ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း ၁၀ မိုင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် သပြေဝ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံမှ တောင်ငူ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံသို့ ၅၀၀ ကေဗွီ ကံကောင်း (မိတ္ထီလာ)-စပါးကြွယ်(တောင်ငူ) ဓာတ်အားလိုင်းဖြင့် စတင်ချိတ်ဆက်နိုင်ခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံမြောက်ပိုင်းရှိ ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားများကို တောင်ငူခွဲရုံမှတစ်ဆင့် ရန်ကုန်မြို့နှင့်တကွ မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဓာတ်အားပြည့်ဝစွာ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်မည့်အပြင် ဓာတ်အားလိုင်းတွင် ဖြစ်ပေါ်နေသည့် ဓာတ်အားပျောက်ဆုံးမှုများလည်း လျော့နည်းသက်သာသွားမည်ဖြစ်သဖြင့် လျှပ်စစ်မီးရရှိသုံးစွဲသူ ပြည်သူများသို့ လျှပ်စစ်ဓာတ်အား ပိုမိုပို့လွှတ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၏ ၂၀၂၂ -၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၈ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ ရန်ကုန် အနောက်ပိုင်းတက္ကသိုလ် ပင်မဆောင်ခန်းမတွင်ကျင်းပခဲ့ကြောင်း သိရသည်။

မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားတွင် ရန်ကုန် အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာခင်သီတာနှင့် ဒုတိယပါမောက္ခချုပ် ဆရာမကြီးများဖြစ်ကြသော ဒေါက်တာသန္တာနှင့် ဒေါက်တာသဇင်လွင်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ကြပြီး ဌာနအသီးသီးမှ ပါမောက္ခများနှင့် တွဲဖက်ပါမောက္ခများက ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ကြသည်။

ထို့နောက် ဌာနမှူး(သင်တန်းရေးရာ)နှင့် ဌာနမှူး(စီမံ/ဘဏ္ဍာ) ဆရာကြီး၊ ဆရာမကြီးများက ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ကြပြီး အနောက်ပိုင်းတက္ကသိုလ်ရှိ အရာထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား မိတ်ဆက်ပေးရာ ကျောင်းသားကျောင်းသူနှစ်ဦးတို့က ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားသည်။

မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနားသို့ ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်ရှိဌာနအသီးသီးမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၆၉၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရ သည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

❖

## တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၂၀)နှင့် အမျိုးသမီးသူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၇)တို့မှ သင်တန်းဆင်းသင်တန်းသား သင်တန်းသူများကို ဆေးဝန်ထမ်းတာဝန်ခန့်အပ်ခြင်း အခမ်းအနားကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၉**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏သူနာပြုနှင့် ဆေးဘက်ပညာ သိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၂၀)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၇)တို့မှ သင်တန်းဆင်းသင်တန်းသား သင်တန်းသူများအား ဆေးဝန်ထမ်းတာဝန် ခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဝင်းဗိုလ်နှင့် ကျောင်းဆင်းသင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**ခန့်အပ်လွှာပေးအပ်**

အစီအစဉ်အရ ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့်တပ်မတော်အရာရှိကြီးများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်၌နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက ကျောင်းဆင်းသင်တန်းသား သင်တန်းသူတစ်ဦးချင်းစီကို ဆေးဝန်ထမ်းတာဝန် ခန့်အပ်လွှာပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်



**နေပြည်တော် ဒီဇင်ဘာ ၂၉** အချင်းချင်းအပေါ် ထားရှိသော သစ္စာစောင့်သိမှု တရားပင်ဖြစ် ရဲဘော်စိတ်ဟူသည် ရဲဘော် မေတ္တာတရား၊ သံယောဇဉ်တရား၊ သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက် ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတ စေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရေတစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ခဲ့ကြသည်။

ထို့အတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဝင်းဗိုလ်နှင့် ပညာရေးအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။




အစီအစဉ်အရ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ပညာရေးအဖွဲ့ဝင်များသည် ပညာရေးအဖွဲ့အစည်းအဝေးကျင်းပပြီး ဘွဲ့နှင်းသဘင်ခန်းမသို့ ဝင်ရောက်ကာ သတ်မှတ်နေရာများတွင် နေရာယူကြကာ မြန်မာ့ဆိုင်းတူရိယာအဖွဲ့က နိုင်ငံတော်သီချင်းတီးမှုတ်၍ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူစေခြင်း၊ သက်ဆိုင်ရာဌာနများက ဘွဲ့ယူမည့်သူများကို ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က သူနာပြုသိပ္ပံဘွဲ့ ၅၃ ဦး၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ ငါးဦး၊ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်ခွဲနည်းပညာ) ငါးဦး၊ ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ ငါးဦး၊ ခန္ဓာသန်စွမ်းမှုနည်းပညာ ငါးဦး၊ ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ နှစ်ဦး စုစုပေါင်း ၇၅ ဦးတို့ကို ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။ ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့ရသူများအား ဘွဲ့များနှင့်လျော်ညီသော အဆောင်အယောင်အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကိုဝတ်ဆင်ခွင့်ပြုပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း ကြေညာကာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာကြသည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်အနေဖြင့် ၂၀၀၃ ခုနှစ်မှ စတင်၍ ဘွဲ့နှင်းသဘင်အခမ်းအနားကို ကျင်းပခဲ့ရာ ယနေ့အထိ သူနာပြုပါရဂူဘွဲ့ ၂၈ ဦး၊ ဆေးပညာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာ ၂၇၈ ဦး၊ သူနာပြုမဟာသိပ္ပံဘွဲ့ ၄၂၉ ဦး၊ ဆေးဝါးမဟာသိပ္ပံဘွဲ့နှင့် ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံဘွဲ့ ၂၀၄ ဦး၊ သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး) ၁၁၃ ဦး၊ ဆေးဘက်ဆိုင်ရာအသံလွန်လှိုင်းဖြင့် ရောဂါရှာဖွေခြင်း နည်းပညာ ဒီပလိုမာဘွဲ့ ၁၆ ဦး၊ အထူးကြပ်မတ်သူနာပြုစုမှုဒီပလိုမာဘွဲ့ ၂၂ ဦး၊ ခွဲစိတ်ခန်းသူနာပြုစုမှု ဒီပလိုမာဘွဲ့ ၆၅ ဦး၊ သူနာပြုသိပ္ပံဘွဲ့ ၃၂၆၉ ဦး၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ ၂၁၈ ဦး၊ ဆေးဘက်ဆိုင်ရာ နည်းပညာသိပ္ပံဘွဲ့ ၆၄၉ ဦး စုစုပေါင်း ၅၂၉၁ ဦးတို့ကို ဘွဲ့များအပ်နှင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်ရှိ စာပေသင်ကြားရေးဆိုင်ရာ နည်းပြအရာရှိများ နိုင်ငံတကာအဆင့်မီအတတ်ပညာများ ရရှိရေးအတွက် ပြည်ပသင်တန်းများ တက်ရောက်စေလွှတ်ခဲ့ရာ ၁၉၉၈ ခုနှစ်တွင် သူနာပြုပါရဂူဘွဲ့အတွက် သင်တန်းသူအရာရှိတစ်ဦး၊ ၁၉၉၉ ခုနှစ်တွင် သူနာပြုပါရဂူဘွဲ့အတွက် သင်တန်းသူအရာရှိနှစ်ဦး၊ ၂၀၀၁ ခုနှစ်တွင် သူနာပြုပါရဂူဘွဲ့အတွက် သင်တန်းသူအရာရှိနှစ်ဦးနှင့် သူနာပြုမဟာသိပ္ပံဘွဲ့အတွက် သင်တန်းသူ အရာရှိရှစ်ဦးတို့အား ဩစတြေးလျနိုင်ငံ La Trobe တက္ကသိုလ်သို့စေလွှတ် ပညာသင်ကြားစေခဲ့ပြီး အဆိုပါ သင်တန်းသူအရာရှိ ၁၃ ဦးအား La Trobe တက္ကသိုလ်မှဘွဲ့အပ်နှင်းသည့် အခမ်းအနားကို ၂၀၀၄ ခုနှစ်တွင်တပ်မတော်ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် သူနာပြုပါရဂူဘွဲ့အတွက် သင်တန်းသားအရာရှိတစ်ဦးကို ထိုင်းနိုင်ငံ Burapha University သို့ စေလွှတ်ပညာသင်ကြားစေခဲ့သည်။

အလားတူ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်မှ သင်တန်းဆင်းအထက်တန်းသူနာပြုများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် လက်တွေ့သူနာပြုစုမှု သင်တန်းသို့လည်းကောင်း၊ စင်ကာပူနိုင်ငံ National University Hospital တွင် နှလုံးရောဂါ အထူးကြပ်မတ်ကုသမှုသင်တန်းသို့လည်းကောင်း၊ ထိုင်းနိုင်ငံ Ching Mai University နှင့် Mahidol University တို့တွင် သူနာပြုမဟာသိပ္ပံဘွဲ့နှင့် ဆေးဝါးမဟာသိပ္ပံဘွဲ့ သင်တန်းများသို့လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ University of Airlangga Mulyorejo Surabaya တက္ကသိုလ်တွင် သူနာပြုမဟာသိပ္ပံဘွဲ့သင်တန်းသို့လည်းကောင်း ပညာတော်သင်စေလွှတ်ကာ တက်ရောက်အောင်မြင် ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစောလမ်းလျှောက်ပေးပါ**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး

## ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ကလေးများ၊ စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြည့်ရှုကြသူများဖြင့် အထူးစည်ကား

**နေပြည်တော် ဒီဇင်ဘာ ၂၉**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲစတုတ္ထနေ့ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ကလေးများနှင့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးကိုယ်စားပြု ပါဝင်ကပြဖျော်ဖြေကြမည့် ယဉ်ကျေးမှုအကအဖွဲ့များ စိတ်ပါဝင်စားစွာဖြင့် လာရောက်လေ့လာကြည့်ရှုကြသဖြင့် အထူးစည်ကားခဲ့သည်။

ယနေ့သည် ပြပွဲနောက်ဆုံးနေ့ ဖြစ်သည့်အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ သက်ဆိုင်ရာကဏ္ဍများအလိုက် ခင်းကျင်းပြသထားသည့် ပြခန်းများတွင် မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် အသိပညာပေးပြခန်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးပြခန်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြခန်း၊ သစ်တောသစ်ပင်ဆိုင်ရာ အသိပညာပေးပြခန်း၊ နည်းပညာတက္ကသိုလ်များ၏ ကဏ္ဍအလိုက် ဆန်းသစ်တီထွင်မှုပြခန်းများ၊ ကိုဗစ် - ၁၉ ကပ်ရောဂါဆိုင်ရာ အသိပညာပေးနှင့် ဆေးလိပ်/



(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပြပွဲ စတုတ္ထနေ့တွင် ပြခန်းများအား လာရောက်ကြည့်ရှုလေ့လာသူများကို တွေ့ရစဉ်။


(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပြပွဲ စတုတ္ထနေ့တွင် ပြခန်းများအား လာရောက်ကြည့်ရှုလေ့လာသူများကို တွေ့ရစဉ်။

ဆေးရွက်ကြီးနှင့် ကွမ်းစားခြင်းအန္တရာယ် အသိပညာပေးပြခန်းတို့ကို စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုသူများဖြင့် အထူးစည်ကားခဲ့သည်။

ပြပွဲမျက်နှာစာရှေ့၌ နေပြည်တော်ရဲတပ်ဖွဲ့က "မူးယစ်ဆေးဝါးကင်းစင်ဖို့ အသိပညာဖြန့်ဝေစို့" ဆောင်ပုဒ်ဖြင့် မှုခင်းအသိပညာပေးပြခန်းယာဉ်ကို ပြသထားရှိ၍ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းဖော်ထုတ်နိုင်မှုများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းနှင့် စွမ်းရည်တိုးတက်မြင့်မားရေးဆောင်ရွက်မှုများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးကာတွန်းပုံများ၊ လောင်းကစားပြစ်မှုပြစ်ဒဏ်များ၊ သိသင့်သိထိုက်သောဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးမှုပြစ်မှုပြစ်ဒဏ်များကို ပြသထားသည့်အပြင် ပြည်ထဲရေးဝန်ကြီးဌာနမှ အသုံးပြုလျက်ရှိသည့် အထူးလုံခြုံရေးသုံးအထောက်အကူပစ္စည်းကို ကယ်လေ့တွင်ပါဝင်သည့်ပစ္စည်းများ ပြကွက်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ ခရီးသည်ဆိပ်ကမ်းပုံစံငယ်ပြကွက်၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သုတေသနစာတမ်းများ၊ ရေထုထည်စီးနှုန်းတိုင်းကိရိယာ၊ ဂြိုဟ်တုအခြေပြုတည်နေရာ အနိမ့်အမြင့်တိုင်းကိရိယာတို့ကို ပြသထားရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် စိန်ရတုလွတ်လပ်ရေးနေ့တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်ကိုယ်စားပြု ပါဝင်ကပြဖျော်ဖြေကြမည့် ယဉ်ကျေးမှုအကအဖွဲ့များဖြင့် စည်ကားလျက်ရှိသည်။

အလားတူ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနပြခန်းတွင် ဒီဇယ်အင်ဂျင်သုံးအမောင်းစနစ် ဖြတ်ပိုင်းပုံစံငယ်ပြကွက်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးရုပ်ပြများ၊ ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် ယာဉ်ပုံစံငယ်များပြကွက်တို့ကိုလည်း ပြသထားရာ ကျောင်းသား ကျောင်းသူများနှင့် လူငယ်များ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြသည်။

ထို့ပြင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရေကြောင်းပြခန်းတွင် ရေယာဉ်မောင်းနှင်မှုသရုပ်ပြကွက်၊ သင်္ဘော Model ပုံစံငယ်များ ပြကွက်၊ ရေယာဉ်တည်ဆောက်သည့်အချိန်တွင် အသုံးပြုသည့် ဂဟေဆက်ခြင်း သရုပ်ပြကွက်၊ လေအားဖြင့်မောင်းနှင်သည့် အင်ဂျင်ပုံစံငယ်ပြကွက်၊ သုတေသနပြုလုပ်ထားသည့် ရေငုပ်သင်္ဘောပုံစံငယ်ပြကွက်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကျောင်းပုံစံငယ်ပြကွက်၊ အယောက် ၂၀ စီး အသက်လည်းကောင်း၊ မြန်မာ့မီးရထားပြခန်းတွင် ရန်ကုန်မြို့ပတ်ရထားလမ်း ရထားပြေးဆွဲမှုပုံစံငယ်ပြကွက်၊ ဒီဇယ်လျှပ်စစ်စက်ခေါင်းပုံစံငယ်၊ ရေနွေးငွေ့စက်ခေါင်းပုံစံငယ်၊ တွဲရှေ့စက်ခေါင်းပုံစံငယ်၊ ကျောက်တင်ဘိုဂီတွဲ ပုံစံငယ်၊ ကုန်တင်ဘိုဂီတွဲပုံစံငယ်တို့ကို ခင်းကျင်းပြသထားရာ လာရောက်လေ့လာကြည့်ရှုကြသူများ စိတ်ဝင်တစားလေ့လာကြည့်ရှုကြသည်ကို တွေ့ရသည်။

ဆိုက်ဘာလုံခြုံရေးပြခန်းတွင် ဆိုက်ဘာလုံခြုံရေးနှင့်ပတ်သက်သည့် အသိပညာပေးပိုစတာများ ပြသခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်း၊ ဆိုက်ဘာလုံခြုံရေးနှင့်ပတ်သက်သည့် အခြေခံပညာ၊ တက္ကသိုလ်၊ ပညာရှင်အဆင့် ဉာဏ်စမ်းပဟေဠိမေးခွန်းများကို ဖြေဆိုကြသူများဖြင့် စည်ကားလျက်ရှိသည်။

မြန်မာ့ဆက်သွယ်ရေးပြခန်းတွင် ပြပွဲသို့လာရောက်လေ့လာကြည့်ရှုသူများကို MPT Sim Card မှတ်ပုံတင်ခြင်း၊ MPT Pay Account ဖွင့်ပေးခြင်းတို့ကို ပြုလုပ်ပေးလျက်ရှိသည်ကိုလည်း တွေ့ရသည်။

အဆိုပါပွဲတော်ကြီးသို့ လာရောက်လေ့လာဆင်နွှဲကြသည့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ကလေးငယ်များ ဗဟုသုတတိုးပွားစေရန်နှင့် ပျော်ရွှင်စေရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် ဉာဏ်စမ်းပဟေဠိ၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသော ပဟေဠိ၊ ကျန်းမာရေးဆိုင်ရာ ဉာဏ်စမ်းပဟေဠိနှင့် ကြီးမြတ်သောမြန်မာ 3D ရုပ်ရှင်ဇာတ်ကားအဖွဲ့သားများ၏ ပျော်ရွှင်စရာ ဉာဏ်စမ်းကမ္ဘာ အစီအစဉ်များတွင် ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် စိန်ရတုလွတ်လပ်ရေးနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ပါဝင်ကပြဖျော်ဖြေကြမည့် ယဉ်ကျေးမှုအကအဖွဲ့များက စိတ်အားထက်သန်စွာ ဝင်ရောက်ဆော့ကစား၍ ကစားနည်းအလိုက် အနိုင်ရရှိသူများကိုလည်း ဆုများပြန်လည်ချီးမြှင့်ပေးခဲ့ရာ ပျော်ရွှင်စရာအစီအစဉ်ကောင်းတစ်ခုအဖြစ် တွေ့မြင်ရသည်။

ပြပွဲတွင်အထူးအစီအစဉ်တစ်ရပ်အနေဖြင့် မြန်မာနိုင်ငံ၏ ပထမဆုံး 3D ရုပ်ရှင်ဇာတ်ကားကြီးဖြစ်သော ကြီးမြတ်သောမြန်မာ မှတ်တမ်းရသရုပ်ရှင်ဇာတ်ကားကြီး အောင်မြင်စွာရိုက်ကူးနိုင်ရန်အတွက် အသုံးပြုခဲ့သည့် ရိုက်ကူးရေးသုံးနည်းပညာပစ္စည်းများ၊ ရိုက်ကွင်းကြိုတင်ပြင်ဆင်မှုများ၊ ရိုက်ကွင်းပုံရိပ်များကို ပြည်သူများသိရှိနိုင်စေရန် ပြသထားရာ လာရောက်လေ့လာကြသူများက ရိုက်ကူးရေးသုံးပစ္စည်းများနှင့် အမှတ်တရဓာတ်ပုံများရိုက်ကြပြီး ပြကွက်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကိုလည်း အနုပညာရှင်များက လိုက်လံရှင်းလင်းပြသကြသည်ကို တွေ့ရသည်။

ရောဝတီတိုင်းဒေသကြီး ဒေသထွက်ကုန်အစားအစာနှင့် အမှတ်တရပစ္စည်းအရောင်းပြခန်း၌လည်း ပုသိမ်ထီးလက်တွေ့ပြုလုပ်ပုံအဆင့်ဆင့်ကို လက်မှုပညာရပ်တစ်ခုအနေဖြင့်ပြသပြီး ဒေသထွက်အစားအစာများဖြစ်သော ပုသိမ်ဟာလဝါ၊ ခြံထွက်နွားနို့၊ ဒိန်ချဉ်၊ ငှက်ပျောကြော်နှင့် ပုသိမ်ထီးများကိုလည်း ရောင်းချခဲ့ရာ လာရောက်အားပေးဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ယခုကျင်းပခဲ့သည့် လူငယ်နှင့်စာပေအနုပညာပြပွဲအား ကျောင်းသား ကျောင်းသူများနှင့် လူငယ်များ စာအုပ်စာစောင်များကို တန်ဖိုးထားဖတ်ရှုလိုစိတ်ဖြစ်ပေါ်လာစေရန်နှင့် စာပေ၏အကျိုးကျေးဇူးကို သိရှိနိုင်စေရန် ရုပ်ရှင်အနုပညာမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေပြီး လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများ၊ ကိုလိုနီလက်အောက်ခံဘဝတွင် တွေ့ကြုံခံစားရမှုများကို သိမြင်စေကာ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကို လေးစားတန်ဖိုးထားတတ်စေရန်၊ ဓာတ်ပုံအနုပညာပြပွဲမှတစ်ဆင့် မြန်မာနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှု၊ သာယာလှပမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ ချစ်စဖွယ်ကျေးလက်ဒေသအလှအပများကို သိရှိခံစားပြီး မိမိတို့၏ တိုင်းဒေသကြီး၊ ပြည်နယ်များအပေါ် မြတ်နိုးတန်ဖိုးထားစိတ်များ ဖြစ်ပေါ်လာစေရန်နှင့် ပြခန်းများ ခင်းကျင်းပြသမှုများမှတစ်ဆင့် ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အလွယ်တကူ သိမြင်နိုင်စေရန် ဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

**သတင်း - ဟိန်းမင်းစိုး၊ သန်းမင်းအောင်**
**ဓာတ်ပုံ-ကိုကြီးထိန်**


(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပြပွဲ စတုတ္ထနေ့တွင် ပြခန်းများအား လာရောက်ကြည့်ရှုလေ့လာသူများကို တွေ့ရစဉ်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ ကျင်းပမှုမြင်ကွင်း

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဒီဇင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ဒီဇင်ဘာ ၂၉ ရက်က ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ကလေးငယ်များ တစ်ခဲနက် ပါဝင်ဆင်နွှဲနေမှုကို ဖော်ပြအပ်ပါသည်-




လူငယ်နှင့် စာပေအနုပညာပြပွဲတွင် ကျောင်းသား ကျောင်းသူများ သီဆိုကပြဖျော်ဖြေနေစဉ်။

















(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပြပွဲ စတုတ္ထနေ့တွင် ပြခန်းများအား လာရောက်ကြည့်ရှုလေ့လာသူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# စိန်ရတုလွတ်လပ်ရေး အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်

ဒေါက်တာ မောင်ကျော်၊ ပါမောက္ခချုပ် (ငြိမ်း)

**အခြေအနေ (၁)**

စိန်ရတုလွတ်လပ်ရေးကာလကို ရောက်ရှိနေပြီဖြစ်သော မြန်မာနိုင်ငံကို ယေဘုယျအားဖြင့် နှစ်ပိုင်းရှုမြင်နိုင်သည်။ ပထမပိုင်းမှာ ၁၉၀၁ – ၁၉၄၇ ခုနှစ်ထိသော လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ ဒုတိယပိုင်းမှာ ၁၉၄၈ ခုနှစ်မှ မျက်မှောက်ခေတ်အထိဖြစ်သော လွတ်လပ်ရေးထိန်းသိမ်းကာကွယ်မှုနှင့် ရေရှည်ဖွံ့ဖြိုးသာယာဝပြောရေး ရှေ့သို့ချီတက်လျက်ရှိသောကာလဖြစ်သည်။

ပထမပိုင်းတွင် ဘိုးဘေးဘီဘင်တို့၏ နှလုံးရည်၊ စွယ်စုံအင်အားပေါင်းစပ်ကာ ဗြိတိသျှနယ်ချဲ့အောက်မှ လွတ်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် လုံးဝလွတ်လပ်သောနိုင်ငံဖြစ်လာသည်။

၂၀ ရာစုအစ အတိတ်ကြေးမုံပြင် သတင်းစာဟောင်းများကို ရှုကြည့်သည့်အခါ မြန်မာတို့၏ ဘဝနှင့် မြန်မာတို့၏ မဝေးလှသောသမိုင်း၊ ဘဝကံကြမ္မာကိုဖန်တီးရာ၌ ပဓာနအားဖြင့် ဆောင်ကြဉ်းသူတို့မှာ အသိဉာဏ်ရှိသော လူသားကသာ အဆုံးအဖြတ်ပေးသည်ကို တွေ့ရှိရသည်။

“နိုင်ငံရေး၊ စစ်ရေးဖြင့် လွတ်လပ်ရေးကို အသက်ပေးသွားသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းပြည်ခေါင်းဆောင်ကြီးများသည် ဂျူဗလီဟောရုံကြီးတွင် ငြိမ်သက်လျက်ရှိကြပြီ။ သူတို့ကိုအားကိုးအားထားပြုနေကြသော လူထုသည် မမေ့နိုင်ကြသဖြင့် ဂျူဗလီဟောရုံကြီးသို့ ချဉ်းကပ်ကြတော့သည်။ အချို့ပရိသတ်မှာ ဗိုလ်ချုပ်တို့အားလွမ်းဆွတ်တမ်းတသဖြင့် မျက်ရည်ကျတော့သည်။ ဒီလိုအခါများမှာ ဗိုလ်ချုပ်အောင်ဆန်းတို့ အသက်ရှင်နေမယ်ဆိုလျှင် ဘယ်လောက်ကောင်းမလဲစသည့် အသံများကိုလည်း ကြားခဲ့ရသည်။” လွတ်လပ်ရေးကို ယနေ့ပြည်သူများ မြင်တွေ့ခဲ့သည်မှာ နှစ်ပေါင်း (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးကာလသို့ ရောက်ရှိနေပြီဖြစ်သည်။

**အခါတော်ရောက်ပြီ**

“မြောက်ပြန်လေညင်းခေါ်သည့် လွတ်လပ်သည့် ဇန်နဝါရီလ ၄ ရက်နေ့ နံနက်သည်ကား ခိုက်ခိုက်တုန်အောင် ချမ်းလှ၏။ ထိုမျှလောက်မည်သည့်အခါကမှ ချမ်းစီးခဲ့သည်ဟု ရန်ကုန်ရာဇဝင်တွင် မရှိခဲ့။ ထူးမြတ်သော နံနက်ခင်းပင်ဟု ဆိုရမည်ဖြစ်ပေသည်။ နံနက် ၄ နာရီ မိနစ် ၂၀ ထိုးသည်နှင့်တစ်ပြိုင်နက် ဗြိတိသျှစစ်သင်္ဘောကြီး ဘာမင်ဂန်စစ်သင်္ဘောကြီးမှလည်းကောင်း၊ မြန်မာ့ရေတပ်မတော်စစ်သင်္ဘော “မေယု” စစ်သင်္ဘောကြီးမှလည်းကောင်း၊ အချက်ပေးမီးမောင်းများထိုးကာ အမြောက်ကြီးများပစ်ခတ်၍ “အခါတော်” ပေးကြလေသည်။” ထိုအချိန်တွင် ယာယီပါလီမန်လွှတ်တော်ရှေ့တွင်ရှိသော ဗြိတိသျှအလံတော်သည် ဗြိတိသျှအမျိုးသားသီချင်း “God Save the King” တီးမှုတ်၍ အလံတော်စတင်ချတော့သည်။ လွတ်လပ်သည့်အချိန်ကို ကြိုဆိုနေသည့် မီးရှူးမီးပန်းများနှင့် မီးထွန်းပွဲများမှာကား တစ်မြို့လုံးတွင် တင့်တယ်လှပေသည်။ ဒို့မြေလွတ်လပ်ပြီဆိုသောသီချင်းသံများကို နေရာတိုင်းတွင် ကြားရပေသည်။

လွတ်လပ်ရေးရရှိသည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် တစ်နိုင်ငံလုံး၊ ပြည်နယ်၊ မြို့နယ်များ၌ လွတ်လပ်ရေးနေ့ကို ပျော်ရွှင်မြူးထူးစွာကျင်းပပုံများကို သတင်းစာကြီးများက ရေးသားဖော်ပြထားသည်မှာ–

“လွတ်လပ်ရေးရပြီကွဲ့။ တို့တစ်တွေ တစ်ဦးနှင့်တစ်ဦး ငြူစူစောင်းမြောင်းနေကြလို့ မတော်ဘူး။ ရှေးကထက်ပိုပြီး စည်းလုံးညီညွတ်ကြမှ တော်ရုံကျမယ်ဟု တတွတ်တွတ်နှင့်ပြောလျက် သူကဲ့သို့ပင် နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် အိမ်တိုင်း၌ နိုင်ငံတော်အလံတော်များ လွှင့်တင်လျက်ရှိကြသည်။” ဤလွတ်လပ်ရေးကား တစ်မျိုးလုံး၏ လွတ်လပ်ရေးပင်ဖြစ်သည်။

ဤနေ့ဤရက်တွင် အဓိကဖြစ်သော မေးခွန်းနှစ်ခုကိုမေးသင့်ကြသည်။

- ကျွန်တော်တို့သည် လွတ်လပ်ခြင်း၏ အဓိပ္ပာယ်ကို မှန်ကန်စွာသိရှိသလား။
- ကျွန်တော်တို့သည် လွတ်လပ်ခြင်း၏ အဓိပ္ပာယ်ကို မှန်ကန်စွာသိရှိသည့်အတိုင်း၊ လွတ်လပ်သောလူမျိုး၏ဝတ္တရားကို ကျေပွန်စွာဆောင်ရွက်နေသလား။

၁၉–၂၀ ရာစုအတွင်း ကိုလိုနီ၏အပြုအမူများကြောင့် မြန်မာ့ရေမြေ၊ ကိုယ့်ထီး၊ ကိုယ်နန်း၊ ကိုယ်ကြငှန်း၊ ကိုယ့်ဘုရင်၊ ကိုယ့်သခင်နှင့် နေလာခဲ့သည့် လွတ်လပ်မှုဂုဏ်အရှိန်အဝါနှင့် လူမှုစီးပွားရေးသမိုင်းကြောင်းသည် ပြောင်းလဲသွားခဲ့ပါသည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်း ၁၉ ရာစုကုန်ခါနီးတွင် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရသည်။ ၂၀ ရာစုအဦး မြန်မာတို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အပြောင်းအလဲများနှင့် ကြုံတွေ့ရသည်။ အရင်းရှင်နယ်ချဲ့တို့၏ ဖိနှိပ်အုပ်ချုပ်မှုဒဏ်ကိုခံရ၊ အရင်းရှင်တို့၏ စီးပွားရေးလုပ်ငန်းသစ်များနှင့် ကြုံတွေ့ရသည်။ ၁၉၄၈ ခုနှစ်အထိ နှစ်ပေါင်းတစ်ရာကျော်ကြာ မြန်မာတို့သည် လွတ်လပ်ရေးဆုံးရှုံးခဲ့ကာ သမိုင်းတစ်ကွေ့အဖြစ် ပြောင်းလဲသွားခဲ့ပါသည်။

အားလုံးသိပြီးဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကချင်၊ ချင်း၊ ရှမ်းစသော တိုင်းရင်းသားခေါင်းဆောင် ၂၃ ဦးတို့သည် တစည်းတလုံးတည်းနေထိုင်ကြတော့မည် သန္နိဋ္ဌာန်ဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ရာ ပင်လုံညီလာခံသည် မြေပြန့်သားတို့နှင့် တောင်တန်းသားတို့၏ အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ခဲ့သည့် ထင်ရှားသည့်မှတ်တိုင်ကြီးတစ်ခုဖြစ်သည်။ **(ဟံသာဝတီ သတင်းစာ)**

**အခြေအနေ (၂)**

သမ္မတ ဖရင့်ကလင်တန် ဒီလင်နိုရုစဘဲ့လ် (၁၉၃၃–၄၅) ခုနှစ်က ဒုတိယကမ္ဘာစစ်ကြီးသည် သမိုင်းကြောင်းအပြောင်းအလဲကြီးဟု မြင်ခဲ့သူ၊ အနောက်နိုင်ငံများ၏ ကိုလိုနီစနစ် အဆုံးသတ်စေခဲ့သည်ဟု ရှုမြင်ခဲ့သူဖြစ်သည်။ ရုစဘဲ့လ်က အိန္ဒိယကို လွတ်လပ်ရေးပေးရန် ဗြိတိသျှတို့အား တိုက်တွန်းနှိုးဆော်ခဲ့သူ၊ အင်ဒိုချိုင်းနားကို ပြင်သစ်တို့က ပြန်လည်သိမ်းပိုက်လိုမှုကိုလည်း ရပ်တန်းက ရပ်ဖို့ တိုက်တွန်းနိုင်ခဲ့သူဖြစ်သည်။ ထိုစဉ်က မြန်မာနိုင်ငံ၏ နိုင်ငံရေးရေချိန်က လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယဆိုသည့် နိုင်ငံရေး၊ စစ်ရေး ရေချိန်က မြင့်ခဲ့ကြောင်း အားလုံးသိရှိပြီးဖြစ်ပါသည်။ နိုင်ငံရေး၊ စစ်ရေး အသင့်ရှိနေသည်ကိုမြင်သည့် ဗြိတိသျှတို့သည် လွတ်လပ်ရေးပေးရန်သာရှိကြောင်း ဖြစ်ပေတော့သည်။ ဤသို့ဖြင့် အောင်ဆန်း – အက်တလီ၊ နု – အက်တလီတို့ အသီးသီးလက်မှတ်ရေးထိုးကြကာ တစ်နိုင်ငံလုံး လွတ်လပ်ရေးကို အရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**Aung San–Atlee Agreement**

**(27 January 1947)**

His Majesty’s Government and the Delegation of the Burma Executive Council



အောင်ဆန်း – အက်တလီစာချုပ် ချုပ်ဆိုရန် လန်ဒန်သို့ ဗိုလ်ချုပ်အောင်ဆန်း ရောက်ရှိစဉ်။

having discussed all the matters affecting the future relations between Great Britain and Burma which were raised by the



၁၉၄၇ ခုနှစ် အောက်တိုဘာ ၁၇ ရက်က ဗြိတိသျှဝန်ကြီးချုပ် မစ္စတာ အက်တလီနှင့် မြန်မာနိုင်ငံ ယာယီအစိုးရဝန်ကြီးချုပ် သခင်နုတို့ လန်ဒန်မြို့တွင် နု–အက်တလီစာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။

Delegation have reached the following agreed conclusions as to the methods by which the people of Burma may achieve their independence, either within or without the Commonwealth, as soon as possible: ––

**10. Other Matters**

A number of other questions will arise for settlement between His Majesty’s Government and the Government of Burma connected with the change in the status of Burma. These will be taken up as they arise and will dealt with in the same friendly and cooperative spirit that has marked the present discussions.

Both His Majesty’s Government and the Delegates of the Burma Executive Council are convinced that by a continuation of the present method towards their common objective of a free and independent Burma, whether within or without the British Commonwealth of Nations, and they have, therefore, agreed to cooperate in the settlement of all future matters which shall arise between them through the transitional period until Burma’s new Constitution comes into operation.

**R. ATLEE (Sd.) AUNG SAN**

**10 Downing Street, S.W. 1,**

**27th January 1947.**

**Note:** The Hon. Thakin Ba Sein and the Hon. U Saw are unable to associate themselves with these conclusions.

(Major parts of the Agreement are described here by the Author)

**Nu Attlee Act (17 October 1947)**

After years of being a colony, on 17 October 1947, Prime Ministers, U Nu of Burma and Clement Attlee of the UK signed a treaty formally for the recognizing the independence of the Union of Burma, “Treaty between the Government of the United Kingdom and the Provisional Government of Burma, Burma Independence Act”, known as the Nu–Atlee Agreement within the UN Charter on the principle of decolonization. In Article 1, the Government of the UK recognizes the Republic of the Union of Burma as a fully Independent Sovereign State.

The Constitution for this sovereign Independent Republic was completed on 24 September 1947 by the constituent Assembly. Following approval of the Constitution by the British parliament and signing of defense agreement, Burma became free on 4 January 1948.

(Major parts of the Agreement are described here by the Author)

စာမျက်နှာ ၁၉ သို့ ◆

◆ စာမျက်နှာ ၁၈ မှ

### ဝန်ကြီးချုပ်သခင်နု၏ လွတ်လပ်ရေးနေ့မိန့်ခွန်း

"လွတ်လပ်ရေးနှင့်တကွ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုပါရပြီ။ ဒီနေ့ဟာ ကျွန်တော်တို့ပြည်ထောင်စု ဗမာနိုင်ငံသားများရဲ့ လွတ်လပ်ရေးနေ့ပါပဲ။ ဒီနေ့ဟာဖြင့် ကျွန်တော်တို့အဖို့မှာ အလွန်တရာထူးတဲ့ မြတ်တဲ့နေ့ထူးနေ့မြတ်ကြီးပါပဲ။ ဒီလိုနေ့မျိုးမှာဆိုရင် ကျွန်တော်တို့ဘာတွေကို တွေးတောအောက်မေ့မိမှာလဲ။ ကိုယ့်နိုင်ငံအကြောင်းလို့ဆိုတော့ သာယာဝပြောစည်ပင်တဲ့ ကျွန်တော်တို့ရဲ့ ဗမာနိုင်ငံကြီးရဲ့အကြောင်းပဲ ဆိုပါတော့။ ဗမာတွေ တကယ်အလုပ်လုပ်ဖို့လိုပြီ"

"နောက်တစ်ချက်ကတော့ ကျွန်တော်ဟာ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ဝန်ကြီးချုပ်အဖြစ် ဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ အကျိုးကို ရှေ့ဆုံးကနေပြီး ထမ်းရွက်တဲ့အမှုထမ်းအဖြစ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံတော်၏ကိုယ်စား ပြည်ထောင်အချင်းချင်းဖြစ်သော အခြားနိုင်ငံသားများအား မေတ္တာစကားပြောလိုပါတယ်။ ကျွန်တော်တို့ဟာ နိုင်ငံခြားများနှင့် အစဉ်ထာဝရ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးနေလိုပါတယ်။ ကြည်ကြည်သာသာ ဆက်ဆံလိုပါတယ်။ မြန်မာနိုင်ငံဟာ နိုင်ငံခြားများအား မေတ္တာပို့သလျက်ရှိပါတယ်။ မွန်မြတ်၍ တိုးတက်ကောင်းမွန်သော၊ ကမ္ဘာ့အိမ်ထောင်ကို ဖန်တီးသောလုပ်ငန်းအရပ်ရပ်တွင် ပူးပေါင်းဆောင်ရွက်ရန် အားထုတ်ပါမယ်။ ကမ္ဘာ့ငြိမ်းချမ်းရေး၊ လူသတ္တဝါခပ်သိမ်း၏ငြိမ်းချမ်းရေးကိုလည်း အမြဲလိုလားတောင့်တပါတယ်။ ထိုငြိမ်းချမ်းရေးတို့ကို ရရှိအောင်လည်း အားထုတ်ပါ့မယ်။ မလွတ်လပ်သေးတဲ့နိုင်ငံများကိုလည်း အထူးမေတ္တာစကား ပြောကြားလိုပါတယ်။ ကျွန်တော်တို့ ယခုရရှိတဲ့ လွတ်လပ်ရေးမျိုးကို မလွတ်လပ်သေးသော ထိုထိုသောနိုင်ငံများလည်း မကြာချက်ချင်းရကြပါစေသော်လို့ ဆုတောင်းပါတယ်။"

"အဘမြန်မာနိုင်ငံကိုချစ်ပါ။ ကာကွယ်စောင့်ရှောက်ပါ"ဟုလည်း ကချင်ခေါင်းဆောင် ဆမားဒူးဝါး ဆင်ဝါးနောင်က ဆိုခဲ့သည်၊ ဇန်နဝါရီလတွင် ကျင်းပသည့် မနောပွဲသို့ ကြွရောက်ရန် ဖိတ်ကြားခဲ့သည်ကိုလည်း ဟံသာဝတီသတင်းစာ၌ ဖတ်ရှုရသည်။

### လန်ဒန်မြန်မာသံရုံးအောင်ပွဲသဘင် မြန်မာသံအမတ်ကြီးက အလံတော်လွှင့်တင်ခြင်း

(လန်ဒန်မြို့ ဇန်နဝါရီလ ၄ ရက်နေ့စွဲ ရိုက်တာ ကြေးနန်း)

"နေအရုဏ်ကျင်း၍ အလင်းသို့ရောက်လျှင် ရောက်ချင်းရာပေါင်းများစွာသော မြန်မာမျိုးချစ်ပုဂ္ဂိုလ်တို့သည် ကမ္ဘာ့ထိပ်သီးပုဂ္ဂိုလ်ကြီးများနှင့်အတူ မြန်မာပြည်အာဏာလွှဲပြောင်းရေး အခမ်းအနားပွဲကြီးကို မြန်မာပြည်ပဌမ မဟာမင်းကြီး ဆာမောင်ကြီး၏ ရုံးတော်တွင် ဆင်ယင်ကျင်းပကြကြောင်း၊ ဆာမောင်ကြီးက သုံးရောင်ခြယ် ကြယ်တံဆိပ် အလံတော်ကြီးကို အလံတိုင်ထိပ်သို့ လွှင့်တင်ရင်းဖြင့် အခမ်းအနားဖွင့်လှစ်လိုက်သည်။ လန်ဒန်မြို့၌ လွတ်လပ်ရေးနေ့အောင်ပွဲသဘင် ကျင်းပလျက်ရှိစဉ် အပြင်ဘက်၌ မိုးရွာ၍ စွတ်စိုထိုင်းမှိုင်းလျက်ရှိပြီး တစ်ခါတစ်ခါ၌ ပြာလဲ့သောကောင်းကင်ကို မြင်ရ၏။"ဟု ရိုက်တာသတင်းထောက် ပရေဇာဝိုက်တန်က ရေးသားပေးပို့လိုက်ကြောင်း။

ဆာမောင်ကြီးသည် ဘုရင်မင်းမြတ်က ဗမာပြည်ထောင်စုနိုင်ငံတော်သမ္မတကြီးထံသို့ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားပြသလေသည်။ ထို့နောက် ဗမာပြည်သမ္မတကြီး၏ သဝဏ်လွှာနှင့် ဗမာပြည်အစိုးရဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးချုပ်တို့ထံမှ သဝဏ်လွှာများကို ဆက်လက်ဖတ်ပြလေသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ လန်ဒန်မြို့ရှိ အဆိုပါအိမ်အိုအိမ်လှကြီးသည် ဗမာပြည်၏ သံရုံးအဖြစ်သို့ ရောက်ရှိလာခဲ့ပေသည်။ လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် တစ်နိုင်ငံလုံး မြို့နယ်ပြည်နယ်များ၌ လွတ်လပ်ရေးနေ့ကို ပျော်ရွှင်မြူးထူးစွာ ကျင်းပပုံများကို သတင်းစာကြီးများက ရေးသားဖော်ပြပုံများကို သိရှိရရာ မြန်မာတို့သည် မုန်းလွယ်ချစ်လွယ်ကြောင်း ဥပေက္ခာပြုနိုင်ကြောင်း တွေ့ရှိရပါသည်။

ဗြိတိသျှတို့က တိုင်းပြည်၏ အချုပ်အခြာအာဏာနှင့် စစ်အင်အားကို မြန်မာအစိုးရအား လွှဲပြောင်းပြီး သမ္မတကြီးအား ရိုစ်ရိုက်စ် (Rolls–Royce) ကားတစ်စီး၊ ဝန်ကြီးချုပ်ဦးနုအား အော်စတင်ကားတစ်စီး လက်ဆောင်ပဏ္ဏာအဖြစ် ဂုဏ်ပြုပေးအပ်သည်ကိုလည်း ဖတ်ရှုရပါသည်။

"ကျုပ် နိုင်ငံရေးရာထူး ရရစေတော့ဟူ၍ ဘယ်တော့မှ မရည်ရွယ်ဘူး။ (I have no political ambition) ဟူ၍ သခင်နုသည် အမြဲပြော၏၊ "မင်းတို့မကြိုက်လျှင် ငါယခုထွက်မယ်။ ငါစားဖားကြီးမဟုတ်ဟု ပြောလွန်းလို့ ဆွဲထားခြင်းခံရသော ပုဂ္ဂိုလ်ကားသူတစ်ဦးပင်။ "ဒီမိုကရေစီ"ကိုပါးစပ်ကကြိုက်သည်ဟုဆိုသော်လည်း ဝသီအားဖြင့် (ဝါ) အကျင့်အားဖြင့် အသက်ဦးဆံပိုင်ဘုရင်ကြီးနှင့် တူနေ၏။ ရုပ်သေးထဲတွင် ပြသောဘုရင်ကြီးနှင့် တူ၏။ ဒီမိုကရေစီ၏ပရိယာယ်ကို သူမကြိုက်ချေ။ မကြိုက်ဘူးဟု သူမကြာမကြာ သူ၏သူငယ်ချင်းတွေကို ပြောပြ၏။"

၁၉၄၈ ခုနှစ် ဒီဇင်ဘာလထုတ် ဗမာ့ခေတ်သတင်းစာတွင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုသောအားဖြင့် အိမ်တိုင်းအိမ်တိုင်း အလံတင်ဖို့နှိုးဆော်သည့်သတင်းကို စတင်တွေ့ရှိရပါသည်။ ရုပ်ရှင်ရုံများနှင့် အခမ်းအနားများတွင် အသံလွှင့်အလေးပြုနိုင်ငံတော်သီချင်းကို နှစ်ပေါင်း ၇၀ ကျော် ကြုံခဲ့ရကာ နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်များ ကိန်းအောင်းကာ နိုင်ငံ့လွတ်လပ်ရေးကို ပြည်သူတို့က ကာကွယ်လျက်ရှိသည်ကို တွေ့ရှိရသည်။

(ဆက်လက်ဖော်ပြပါမည်)

## "တူယှဉ်နွဲ့ပျော်ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ Season-2 ပွဲစဉ်(၁၈) Grand Final ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

နေပြည်တော် ဒီဇင်ဘာ ၂၉

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲ့ပျော်ဂီတပွဲတော်" Season–2 သီချင်းဆိုပြိုင်ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် စက်တင်ဘာ ၂ ရက်မှစတင်ပြီး အပတ်စဉ် သောကြာနေ့ညတိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်တွင် ပွဲစဉ် (၁၈) ကို ဆက်လက်ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအဖြစ် ထပ်ဆင့်အကယ်ဒမီချိုပြုံး၊ စန္ဒရားမျိုးနိုင်နှင့် တေးသံရှင်ခိုင်ဝါတို့က လည်းကောင်း၊ သရုပ်ဆောင်/တေးသံရှင်များဖြစ်ကြသည့် ဝေလျှံနှင့် သဥ္ဇာမြင့်မိုရ်တို့က အစီအစဉ်တင်ဆက်သူများအဖြစ် လည်းကောင်း ဆက်လက်ဆောင်ရွက်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် ပြိုင်ပွဲဝင်သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦးအား အကဲဖြတ်ဒိုင်များ၏ ရွေးချယ်မှုဖြင့် ပြိုင်ပွဲဝင် ၁၀ ဦးအား စိစစ်ရွေးချယ်ခဲ့ရာမှ ယခုအခါ Grand Final ယှဉ်ပြိုင်ရန် ပြိုင်ပွဲဝင်သုံးဦး ပေါ်ထွက်လာပြီဖြစ်၍ ဒီဇင်ဘာ ၃၀ ရက် သောကြာနေ့ညတွင် ပြဇာန်းတေးသီချင်းနှင့် စိတ်ကြိုက်တေးသီချင်းသီဆိုမှုတို့ဖြင့် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး Result Show ကိုလည်း တစ်ဆက်တည်း ကျင်းပမည်ဖြစ်ရာ MRTV – HD မှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ ဒုတိယအဆင့် (Level–2) မှစ၍ အကဲဖြတ်ဒိုင်များ၏ အမှတ်ပေးမှု ၃၀ ရာခိုင်နှုန်းနှင့် ပရိသတ်များ၏ SMS Voting ပေးပို့မှု ၇၀ ရာခိုင်နှုန်းဖြင့် သတ်မှတ်ဆောင်ရွက်ခဲ့ရာ Grand Final အတွက်လည်း ပြိုင်ပွဲဝင်များဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီးမှ ထွန်းပပအောင် (MF03)၊ နေပြည်တော်မှ ပူတူး (MF09) နှင့် ဧရာဝတီတိုင်းဒေသကြီးမှ စိုးထက်အောင် (MF10) တို့အား ပြည်တွင်းတယ်လီဖုန်း Operator များမှတစ်ဆင့် Code




No 7575 သို့ ပြိုင်ပွဲဝင်၏ MF နံပါတ်ကိုရိုက်နှိပ်၍ ပထမဆုံးပြိုင်ပွဲဝင် စတင်သီဆိုချိန်မှ နောက်ဆုံးပြိုင်ပွဲဝင် သီဆိုပြီးချိန်အထိ SMS အရေအတွက် အကန့်အသတ်မရှိ ပေးပို့နိုင်မည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီတွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ကျန်းမာဖို့အရေး လမ်းလျှောက်ပေး

## လွတ်လပ်သော မြန်မာပြည်

❖ မြန်မာပြည်ဝယ်
ဆည် တမံ မြောင်း၊ ကောင်းလည်း ကောင်းစွ
မြစ်ချောင်း အင်းအိုင်၊ မြိုင်လည်း မြိုင်စွ
ခိုင်မာ သစ်တော၊ ပေါလည်း ပေါစွ
ကျယ်ပြော လယ်ယာ၊ သာလည်း သာစွ
ရတနာ ကျောက်မျက်၊ ထွက်လည်း ထွက်စွ
နှစ်သက်စရာ၊ အဖြာဖြာနှင့်
ငါတို့ တိုင်းပြည် သာဘိသည်။

❖ မြန်မာပြည်ဝယ်
စုံညီ သွေးသား၊ ညီနောင်များတို့
စိတ်ထားလည်းညီ၊ စကားညီစွာ
ဒို့ပြည်ထောင်အရေး၊ ဒို့ဆွေးနွေးသည်
ရှေ့ရေး အနာဂတ်၊ ချောမွေ့လတ်လျက်
ချမှတ်လမ်းစဉ်၊ ဒို့အောင်မြင်ဖို့
စုံလင် အမှန်၊ ဆုံတွေ့ရန်နှင့်
နိုင်ငံတော်သစ်၊ တည်ထောင်လှစ်ဖို့
ထုဆစ်ညီညာ၊ အားထုတ်ပါသည်
ငါတို့ တိုင်းပြည် သာဘိသည်။

❖ မြန်မာပြည်ဝယ်
ကုန်စည် စီးဆင်း၊ လျင်မြန်ခြင်းဖြင့်
ပြည်တွင်းထုတ်ကုန်၊ ပို၍စုံအောင်
စက်ရုံများစွာ၊ တည်ဆောက်ပါ၍
ရွာရပ်မြို့နယ်၊ အသွယ်သွယ်လျှင်
တင့်တယ် ဖွံ့ဖြိုး၊ ဘက်စုံတိုးခဲ့
ပြည့်ကျိုးဆောင်ထမ်း၊ ပြည်ချစ်ပန်းတို့
စွမ်းဆောင်၍သာ၊ ဘေးကင်းကွာလျက်
ငါတို့ တိုင်းပြည် သာဘိသည်။

❖ လွတ်လပ်၍သာ၊ ပြည်မြန်မာလျှင်
သာယာငြိမ်းချမ်း၊ စိုစိမ်းလန်း၏
ပန်းစုံမွှေးကာ၊ ရှုတိုင်းသာ၏
မြန်မာတို့၏၊ ဂုဏ်အရှိကို
မကြည့်လိုသူ၊ ငြိုငြင်သူတို့
ကူညီမဲ့ကင်း၊ နှောင့်ယှက်ခြင်းဖြင့်
ပြည်တွင်းအားကို၊ ဖြိုခွဲလိုကြ
အို...မြန်မာများ၊ သတိထားလော့
တပါး သူ့အောက်၊ ကျွန်သဘောက်အဖြစ်
မရောက်စေရေး၊ လွတ်လပ်ရေးကို
အသက်ပေးကာကွယ်ကြရမည်။
ကမ္ဘာတည်သရွေ့ မြန်မာပြည်။
လွတ်လပ်ခိုင်မြဲ စေရမည် ။ ။

မြင်းမူမောင်နိုင်မိုး

## အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၌ မောင်မယ်သစ်လွင် ကြိုဆိုပွဲ ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၉**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့် ပညာဦးစီးဌာန အမျိုးသား စီမံခန့်ခွဲမှု ပညာဒီဂရီကောလိပ်၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲ အခမ်းအနားကို မွန်းတည့် ၁၂ နာရီတွင် ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီး ဒေါက်တာနီလာမြင့်ထူး၊ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ သင်တန်းရေးရာ (ဌာနမှူး)နှင့် မော်ကွန်းထိန်း၊ သင်ကြား/ စီမံဝန်ထမ်းများနှင့် မောင်မယ်သစ်လွင် ကျောင်းသားကျောင်းသူ ၃၈၇ ဦး တက်ရောက်ခဲ့ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။ ထို့နောက် ကျောင်းအုပ်ကြီးက မောင်မယ်သစ်လွင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကားကို ဆက်လက်ပြောကြားခဲ့သည်။

အခမ်းအနားမှူးက မောင်မယ်သစ်လွင်များကို သက်ဆိုင်ရာ ဘာသာရပ် ဌာနမှူးများနှင့် မိတ်ဆက်ပေးပြီးနောက် အမျိုးသားစီမံခန့်ခွဲမှု ပညာဒီဂရီကောလိပ်မှ အပ်နှင်းသောဘွဲ့ဒီဂရီငါးခု၏ ဘာသာရပ်အကြောင်းအရာများနှင့် ပတ်သက်၍ ပါမောက္ခ (ဌာနမှူး)တစ်ဦးကလည်းကောင်း၊ သင်တန်းရေးရာ (ဌာနမှူး)က သင်တန်းရေးရာနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။ ယင်းနောက် ဘာသာရပ်အသီးသီး၏ ဖျော်ဖြေရေးအဖွဲ့များမှ အဆို၊ အကများဖြင့် ဖျော်ဖြေခဲ့ကြသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ပညာရေးကဏ္ဍဘက်စုံ ဖွံ့ဖြိုးရေးအတွက် ငွေကျပ်ဆယ်သိန်းနှင့် ဖျော်ဖြေရေးအဖွဲ့များမှ ကျောင်းသား ကျောင်းသူများအား ငွေကျပ်ငါးသိန်းချီးမြှင့်ခဲ့သည်။ ၂၂၂

## မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဗဟိုအလုပ်အမှုဆောင် အဖွဲ့အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ် (၂၂၈) ရှိ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း အစည်းအဝေးခန်းမတွင် ပြုလုပ်သည်။




အစီအစဉ် ပထမပိုင်းတွင် စာအုပ်လှူဒါန်းပွဲ ပြုလုပ်ရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ပြည်သူများ အသိဉာဏ် ပညာ ဗဟုသုတများ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးရွာနှင့် ရပ်ကွက်များ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်ထောင်၍ စာပေဖတ်ရှုလေ့လာနိုင်ရန် စာအုပ်စာစောင်များ ဖြန့်ဝေပေးပို့လျက်ရှိပါကြောင်း၊ ဖောင်ဒေးရှင်းအနေဖြင့် စာအုပ်များ ဝယ်ယူထောက်ပံ့ပေးသကဲ့သို့ အလှူရှင်များက လှူဒါန်းသည့် စာအုပ်များကိုလည်း ပေးပို့လှူဒါန်း ပေးပါကြောင်း၊ စာကြည့်တိုက်များ၏ အသက်မှာ စာအုပ်များဖြစ်ပါကြောင်း၊ စာအုပ်များရှိမှသာ ပြည်သူများ စာပေ စာဖတ်ရှုသူများ ဖတ်ရှုလေ့လာနိုင်မည်ဖြစ်ပါကြောင်း၊ အလှူရှင်များ တိုးပွားလာသည်နှင့်အမျှ စာအုပ်စာပေများများ လှူဒါန်းနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စာအုပ်အလှူရှင်များ တိုးပွားရေးအတွက် စည်းရုံးပေးကြရန် မေတ္တာရပ်ခံ အပ်ပါကြောင်း ပြောကြားသည်။ ထို့နောက် စာအုပ်အလှူရှင် ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) (အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ)၊ YMBA အသင်းချုပ်ဥက္ကဋ္ဌဟောင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုကော်မတီဝင်ဟောင်းက စာအုပ်များ လှူဒါန်းရခြင်း အကြောင်း ရှင်းလင်းပြောကြားပြီး စာအုပ်များ ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးညွန့်ဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားသည်။ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)က အခြင်းအရာအဟောင်းများနှင့် သတင်းစာဆောင်းပါးများ ၆၅ အုပ်၊ တန်ဖိုးငွေကျပ် ၄၅၅၀၀၀၊ သူ့ခေတ်၊ သူ့အတွေး၊ သူ့အရေးစာဥယျာဉ် အုပ် ၄၀၊ တန်ဖိုးငွေကျပ် ၂၈၀၀၀၀၊ ဒေါ်မျိုးမျိုးကြည် (စာတည်း-ငြိမ်း) စာပေဗိမာန်မှ ၁၉၉၈ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ စွယ်စုံကျမ်းနှစ်ချုပ် စာအုပ် ၄၄ အုပ်နှင့် စာပေဗိမာန်ထုတ် စာအုပ် ၁၅၆ အုပ် လှူဒါန်းသည်။ ယနေ့ လှူဒါန်းမှုတွင် စာအုပ်ပေါင်း ၃၀၅ အုပ် တန်ဖိုးငွေကျပ် ၅၇၈၀၀၀ ဖြစ်ပြီး အစီအစဉ်ဒုတိယပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို ပြုလုပ်၍ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ညောင်လေးပင်မြို့နယ်၌ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ညောင်လေးပင် ဒီဇင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညောင်လေးပင်မြို့ ဗိုလ်မင်းရောင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားအား ယနေ့နံနက် ၉ နာရီက မြို့မ(၃) ရပ်ကွက် ဗိုလ်မင်းရောင်လမ်း၌ ကျင်းပခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းယုက အဖွင့်အမှာစကား ပြောကြားပြီးနောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်ခင်အေးဝင်းမှ လမ်းနှင့် ပတ်သက်သည့် အချက်အလက်များအား ရှင်းလင်းတင်ပြရာတွင် ကွန်ကရစ်လမ်းသစ်မှာ အရှည်ပေ ၈၅၀၊ အကျယ် ၁၂ ပေနှင့် ဒုရစ်လက်မရှိပြီး ၂၀၂၂ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် လုပ်ငန်းစတင်ခဲ့၍ ၂၀၂၂ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် လုပ်ငန်းပြီးစီးခဲ့ကာ ကုန်ကျငွေ စုစုပေါင်း ငွေကျပ် ၄၃၂၀၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းယုနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဒေါ်ခင်အေးဝင်းတို့က ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကာ တက်ရောက်လာသော ဧည့်သည်တော်များနှင့် လမ်းသူ လမ်းသားများက လမ်းသစ်အား ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခင်မောင်လွင် (ညောင်လေးပင်)**

## စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်တိုင်း ဒေသကြီး ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲကို အထက(၆) ဗိုလ်တထောင်၌ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲတွင် ထက်၊ လယ်၊မူ ကျောင်းသား ကျောင်းသူ ၄၅ ဦး၊ ပန်းချီပြိုင်ပွဲတွင် ထက်၊ လယ်၊ မူ ကျောင်းသား ကျောင်းသူ ၄၆ ဦး စုစုပေါင်း ၉၀ ပါဝင်ယှဉ်ပြိုင်ရေးဆွဲကြသည်။

ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးဝင်းလှိုင်နှင့် ခရိုင်ပညာရေးမှူး ဒေါ်သင်းသင်းမြတ်တို့က လိုက်လံကြည့်ရှု အားပေးခဲ့ကြသည်။

**ကြေးမုံ**



## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက်နေ ခင်မောင်သန်း(ခ)ခင်မောင်ချင်းသည် ၎င်းအသုံးပြု သည့် “Khin Maung Thann” Facebook အကောင့်၊ ပျော်ဘွယ်မြို့နယ် မြင်းဘက်ရပ်ကွက်နေ သူဇာမင်းဝင်းသည် ၎င်းအသုံးပြုသည့် “Thuzar Min Win” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သောက်တော်တွင်း ရပ်ကွက်နေ ဝင်းမော်မင်းသည် ၎င်းအသုံးပြုသည့် “Win Maw Minn” Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွား မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၁၃၇ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၉-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၁၃၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၀၈,၁၀၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၆၄၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၂၈၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၄၄) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့်(၂၀)ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၁၂-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၁၀ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၀၅၀ | ၂၀၇၅ | ၂၀၆၀ | ၂၀၄၀ | ၂၁၃၅ | ၂၁၅၀ | ၂၀၄၅ | ၂၀၅၅ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၀ | ၂၃၁၀ | ၂၇၆၀ |
| 95 Ron | ၂၀၈၀ | ၂၁၂၅ | ၂၁၂၅ | ၂၀၈၅ | ၂၁၂၅ | ၂၁၄၅ | ၂၁၃၀ | ၂၁၁၀ | ၂၂၀၅ | ၂၂၂၀ | ၂၁၁၅ | ၂၁၃၅ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၅ | ၂၃၈၀ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၆၅ | ၂၄၁၀ | ၂၄၁၀ | ၂၃၇၅ | ၂၄၁၀ | ၂၄၃၅ | ၂၄၃၀ | ၂၃၉၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၀၅ | ၂၄၁၅ | ၂၄၄၅ | ၂၄၅၀ | ၂၄၅၀ | ၂၆၇၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၄၄၅ | ၂၄၉၀ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၇၅ | ၂၅၉၀ | ၂၅၈၅ | ၂၄၈၅ | ၂၄၉၅ | ၂၅၂၅ | ၂၅၃၀ | ၂၅၃၀ | ၂၇၅၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၄၄၅ | ၂၄၉၀ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၇၅ | ၂၅၉၀ | ၂၅၈၅ | ၂၄၈၅ | ၂၄၉၅ | ၂၅၂၅ | ၂၅၃၀ | ၂၅၃၀ | ၂၇၅၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၀၉ | ၁၉၈၁ |
| 95 Ron | ၁၉၇၈ | ၂၀၅၂ |
| HSD (500 ppm) | ၂၂၆၁ | ၂၃၃၅ |
| HSD (50 ppm) | ၂၃၃၄ | ၂၄၁၀ |
| HSD (10 ppm) | ၂၃၃၄ | ၂၄၁၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ၂၀၂၃ခုနှစ် ဇန်နဝါရီလ(၄)ရက်နေ့တွင် ရောက်ရှိမည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲပျော် ဂီတပွဲတော် Season-2" တေးသီချင်း သီဆိုမှုပြိုင်ပွဲနှင့် ဖျော်ဖြေပွဲကို ပြည်သူများ လွတ်လပ်ရေး၏ အနှစ်သာရကို တန်ဖိုးထားလေးစားစိတ်၊ မိမိတို့၏ အချုပ်အခြာအာဏာကို ကိုယ်တိုင်ထိန်းသိမ်းရမည်ဆိုသော ထက်သန်သည့်စိတ်တို့ ဖြစ်ပေါ်လာစေရန်၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန်၊ ပြည်သူများ၏ စိတ်အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက (၂-၉-၂၀၂၂)ရက်နေ့မှစ၍ အပတ်စဉ် သောကြာနေ့ညတိုင်း တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသလျက်ရှိရာ ယင်းဖျော်ဖြေပွဲများကို(၃၀-၁၂-၂၀၂၂)ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ယခုအခါ Level-2 Semi Final ပွဲစဉ်(၁၇)တွင် ပြိုင်ပွဲဝင်ခြောက်ဦးတို့မှ ပြဋ္ဌာန်းတစ်ပုဒ်၊ စိတ်ကြိုက်တစ်ပုဒ် သီဆိုယှဉ်ပြိုင်မှုမှ ပရိသတ် Voting (၇၀%)နှင့် ဒိုင်အကဲဖြတ်အမှတ် (၃၀%)ရမှတ်များဖြင့် ထွက်ပေါ်လာသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်သုံးဦးဖြင့် ပြုလုပ်မည့် Grand Final ပွဲစဉ်(၁၈)အတွက် အောက်ပါတေးသီချင်းများကို အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

| စဉ် | သီချင်းအမည် | တိုင်း/ ပြည်နယ် | ပွဲစဉ် |
|---|---|---|---|
| ၁။ | ဆေးရောင်ခြယ်ပါ | ရန်ကုန်တိုင်းဒေသကြီး | (၃၀-၁၂-၂၀၂၂)ရက်နေ့ Grand Final ပွဲစဉ်(၁၈) Result Show |
| ၂။ | ရေခပ်ဆင်းချိန် | ရန်ကုန်တိုင်းဒေသကြီး | |
| ၃။ | ပြည်ထောင်စုကြီးတို့ရဲ့မြန်မာ | နေပြည်တော် | |
| ၄။ | ပန်းပိတောက်တို့ကြွေရာမြေ | နေပြည်တော် | |
| ၅။ | မဟာ | ဧရာဝတီတိုင်းဒေသကြီး | |
| ၆။ | ချစ်မိုးကြီး | ဧရာဝတီတိုင်းဒေသကြီး | |
| ၇။ | စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ် | Group Song | |
| ၈။ | အားလုံးထက်ပိုချစ်မယ် | ပြင်ပအဆိုရှင် | |
| ၉။ | ဒီကောင်မလေးအတွက် | ။ | |
| ၁၀။ | မင်းလေးသိဖို့ | ။ | |
| ၁၁။ | ဘယ်တော့များမှ အဆုံးမရှိ | ။ | |
| ၁၂။ | မောင်ပေါက်ကျိုင်းလိုလူစား | ။ | |
| ၁၃။ | ဂျိမ်းဖော | ။ | |
| ၁၄။ | အဆင်ပြေပါစေ | ။ | |
| ၁၅။ | ကော်ဖီပူလေးသောက်လိုက်ပါဦး | ။ | |
| ၁၆။ | မိုးစက်တင်လေ | ။ | |
| ၁၇။ | လွတ်လပ်ရေးတေးသံ | ။ | |
| ၁၈။ | လိုနေတာမင်းအချစ် | ဌာနအဆိုရှင် | |
| ၁၉။ | မျှော်လင့်နေတုန်း ပျို့ဖုန်းလှမ်းခဲ့ပါ | ။ | |
| ၂၀။ | ရှင်ဘုရင်လေး | ။ | |
| ၂၁။ | ကိုယ်တိုင်ရေးပုံတူ | ။ | |

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၃၁ -၁၂ - ၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ်(၅၃)တွင် ကလေးများအနေဖြင့် မိမိ၏လွတ်လပ်မှုအတွက် အခြားသူများကို ထိခိုက်မှုမရှိစေဘဲ ကစားတတ်စေရန်နှင့် လူကြီး မိဘဘိုးဘွားများကို ရိုသေလေးစားရင်းဖြင့် မိမိ၏ လွတ်လပ်မှုကို ရယူသင့်ကြောင်း တင်ဆက်ထားသည့် "လွတ်လပ်ခြင်း၏ အနှစ်သာရ" မျက်နှာဖုံးကာတွန်း၊ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးရရှိပုံသမိုင်းအကျဉ်းနှင့် လွတ်လပ်ရေးကို အစွန့်ရှည်အောင် လက်ဆင့်ကမ်း ထိန်းသိမ်းသင့်ကြောင်းကို ဗဟုသုတရဖွယ် တင်ဆက်ထားသည့် "လွတ်လပ်ရေးနေ့အကြောင်း သိကောင်းစရာ" သုတဆောင်းပါးကဏ္ဍ၊ သူတစ်ပါးကို ကူညီဆောင်ရွက်ပေးပါက မိမိ၏ လိုအင်ဆန္ဒများ ပြည့်ဝနိုင်ပုံအကြောင်းကို တင်ဆက်ထားသည့် "ဖြိုးရဲ-ကူညီမယ်" နှစ်မျက်နှာကာတွန်း၊ မိခင်မှာ အမှိုက်သိမ်းရသော စည်ပင်ဝန်ထမ်းဖြစ်၍ မိမိကိုယ်တိုင် အမှိုက်လူသားဖြစ်ကာ အခြားအမှိုက်များမရှိစေချင်သော ကိုထိုက်၏ ဆန္ဒနှင့် ဘဝအကြောင်းကို ရေးဖွဲ့ထားသည့် "အမှိုက်ဖြစ်ချင်သူ" ဝတ္ထုကဏ္ဍ၊ ဈေးမှ ကြက်ဥလတ်လတ်ဆတ်ဆတ်များ ဝယ်လာပုံကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် "ဖိုးသား" တစ်မျက်နှာကာတွန်း၊ မိမိတို့၏ အပြုအမူများကြောင့် သူတစ်ပါး၏ စားဝတ်နေရေးကို ထိခိုက်သွား၍ နောင်တရရှိသွားသော မိန်းကလေးတစ်ဦးအကြောင်းကို ဗဟုသုတရဖွယ် တင်ဆက်ထားသည့် "သရဲခြောက်သည့်သရက်ပင်" ပုံပြင်ကဏ္ဍ၊ အစားမက်၍ လောဘကြီးသည့်စိတ်ကြောင့် အသက်ဘေးအန္တရာယ်နှင့် ကြုံတွေ့ခဲ့ရသည့် ကြွက်ကလေးတစ်ကောင် အကြောင်းကို ရေးဖွဲ့ထားသည့် "အစားမက်သောကြွက်လေး" နှစ်မျက်နှာကာတွန်း၊ ငါးမျှားသွားမည့် ပေါလေးကို သူ့ဦးလေးက ငါးမျှားခြင်းဖြင့် ရရှိလာသည့် ဆိုးကျိုးများနှင့် ပြောဆိုဆုံးမသည့်အကြောင်းကို တင်ဆက်ထားသည့် "ငါးမမျှားတော့ပါ" နှစ်မျက်နှာကာတွန်းနှင့် ကလေးလက်ရာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍတို့ အပါအဝင် အင်္ဂလိပ်သဒ္ဒါကဏ္ဍနှင့် ကဗျာကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ ပြည်လည်းလှ


## အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ နဝရတ်လမ်း၊ အိမ်အမှတ်၂၁၈ နေ ဒေါ်ဝင်းနန္ဒာထွန်း (၁၂/ဥကတ(နိုင်)၁၄၇၂၉၈)က ဝယ်ယူထားသည့် ID NO 8487 MTSH အစုရှယ်ယာ သက်သေခံလက်မှတ်၊ အစုရှယ်ယာအရေအတွက် ၅၀၀ ပါ shares Certificate ပျောက်ဆုံးသွားကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဝင်းနန္ဒာထွန်း (၁၂/ဥကတ(နိုင်)၁၄၇၂၉၈)**
**ဖုန်း-၀၉၅၀၆၆၉၃၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၁၆၆၉)၊ ဧရိယာ(၀.၀၈၂)ဧကရှိ ဦးကျော်ဇေမင်း၊ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဝင်းဇော် (ဘ) ဦးကြာညွန့်[၉/ပမန(နိုင်)၀၁၇၇၆၅]မှ မြေငှားစာချုပ် အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၅၇၀/၂၀၂၂)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးဝင်းအောင် (ဘ) ဦးမင်းစိန်[၁၂/အစန(နိုင်)၀၇၆၁၀၁]၊ ဒေါ်တင်တင်ရီ(ဘ)ဦးမိုးဟိန်း[၁၂/အစန(နိုင်)၀၇၇၈၂၈]တို့နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ ကျောက်ကုန်း၊ ဖိုးရာဇာ(ကံဘဲ့)လမ်း၊ အမှတ်-၃၈(C)တွင်နေထိုင်သော ဒေါ်ဝါဝါခင်[၉/မရမ(နိုင်)၀၇၉၁၆၇] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

